# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၆၀)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်
## (၂၀၁၅ ခုနှစ်၊ ဇွန်လ ၈ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၀)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၀)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## မူကြမ်း

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး သုမင်္ဂလာအပေါင်းနှင့်ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၀)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦးရှိတဲ့အနက် ၃၅၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၄.၉၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးသို့ မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၀)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ရွှေကူမဲဆန္ဒနယ်မှ ဦးဝင်းနိုင်(ခ)ဦးဖြူ ခွင့် ၃ ရက်၊

(၂) ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးသူရိန်ဇော် ခွင့် ၁ ရက်၊

(၃) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၅ ရက်၊

(၄) သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၁ ရက်၊

မူကြမ်း

(၅) ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့် ခွင့် ၁ ရက်၊

(၆) ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း ခွင့် ၁ ရက်၊

(၇) ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၁ ရက်၊

(၈) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၅ ရက်၊

(၉) မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး ခွင့် ၂ ရက်၊

(၁၀) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာချမ်းငြိမ်း ခွင့် ၃ ရက်၊

(၁၁) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့် ခွင့် ၅ ရက်၊

(၁၂) ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ခွင့် ၁ ရက်၊

(၁၃) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၂ ရက်၊

(၁၄) ကျောက်မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၅ ရက်၊

(၁၅) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း ခွင့် ၉ ရက်၊

(၁၆) မော်လမြိုင်ကျွန်းမဲဆန္ဒနယ်မှ ဦးကိုကိုလွင် ခွင့် ၁ ရက်၊

(၁၇) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၁ ရက်၊

(၁၈) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၁ ရက်၊

(၁၉) မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း ခွင့် ၅ ရက်၊

(၂၀) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင် ခွင့် ၅ ရက်၊

(၂၁) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ ခွင့် ၅ ရက်၊

(၂၂) မိုင်းရှူးမဲဆန္ဒနယ်မှ ဦးကျော်တင်ရွှေ ခွင့် ၅ ရက်၊

(၂၃) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေး ခွင့် ၅ ရက်၊

(၂၄) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၅ ရက်၊

(၂၅) မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ ခွင့် ၁ ရက်၊

**မူကြမ်း**

(၂၆) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၂၇) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း ခွင့် ၁ ရက်၊

(၂၈) ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင် ခွင့် ၂ ရက်၊

(၂၉) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၃ ရက်၊

(၃၀) လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး ခွင့် ၅ ရက်၊

(၃၁) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၁ ရက်၊

(၃၂) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌေး ခွင့် ၂ ရက်၊

(၃၃) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် ခွင့် ၂ ရက်၊

(၃၄) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၃ ရက်၊

(၃၅) ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့် ခွင့် ၅ ရက်၊

(၃၆) ထီးလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ဌေး ခွင့် ၃ ရက်၊

(၃၇) ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင် ခွင့် ၅ ရက်၊

(၃၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်မြင့် ခွင့် ၅ ရက်၊

(၃၉) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမြတ်ကို ခွင့် ၅ ရက်၊

(၄၀) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးတက်ထွန်း ခွင့် ၅ ရက်၊

(၄၁) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးနိုင်ဝင်း ခွင့် ၅ ရက်၊

(၄၂) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမိုးကျော် ခွင့် ၂ ရက်၊

(၄၃) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမြဦး ခွင့် ၂ ရက်၊

(၄၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထွန်းတောက် ခွင့် ၂ ရက်၊

(၄၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးနှင်းစိုး ခွင့် ၂ ရက်၊

(၄၆) သရက်မဲဆန္ဒနယ်မှ ဦးဝင်းကျော် ခွင့် ၃ ရက်၊

**မူကြမ်း**

(၄၇) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည် ခွင့် ၅ ရက်၊

(၄၈) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၄ ရက်၊

(၄၉) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော် ခွင့် ၃ ရက်၊

(၅၀) ကော့မှူးမဲဆန္ဒနယ်မှ ဒေါ်အောင်ဆန်းစုကြည် ခွင့် ၅ ရက်၊

(၅၁) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း ခွင့် ၅ ရက်၊

(၅၂) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးမောင်ပါ ခွင့် ၅ ရက်နှင့်

(၅၃) ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ ခွင့် ၅ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၀ ဦး၊ ယနေ့ခွင့်ပြုထားသူ ၅၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။**]**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မင်းကင်းမြို့နယ်၏ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး လွန်စွာညံ့ဖျင်းမှုအပေါ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ မည်သို့ သဘောထားမှတ်ချက်ပေးပို့ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ မည်သို့ စိစစ်သတ်မှတ်ခဲ့ခြင်းနှင့် မင်းကင်းမြို့နယ်ရှိ နိုင်ငံ့ဝန်ထမ်းများအား လစာနှစ်ဆ တိုးပေးနိုင်ရေးအတွက် စီမံထားရှိမှုအခြေအနေကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွှေးလွင်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်မွှေးလွင်(မင်းကင်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ အခု ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခြင်းကတော့ မင်းကင်းမြို့နယ်၊ နိုင်ငံ့ဝန်ထမ်းတွေအတွက်သာ မေးမြန်းခြင်းဖြစ်တယ်ဆိုပေမယ့်လည်း ဘဏ္ဍာရေးဝန်ကြီးဌာနကနေပြီးတော့ ချမှတ်ထားတဲ့မူသဘောတရားတွေကို အများသိရှိကြရန် ရည်ရွယ်ပါတယ်။ ယခုမေးခွန်းနှင့်ပတ်သက်ပြီးတော့ ဒသမအကြိမ်အစည်းအဝေးမှာ ကြယ်ပွင့်မပြမေးခွန်းမေးမြန်းပြီးတော့ ရရှိခဲ့တဲ့အဖြေဟာ ယခုအချိန်ထိ ထူးခြားမှုရှိမလာလို့ ဖော်ထုတ်ပြီးတော့ ထပ်မံမေးမြန်းခြင်းလည်းဖြစ်ပါတယ်။ ကျွန်မမြို့နယ်ဟာ ဧရိယာ ၁၅၂၇ စတုရန်းမိုင်ရှိပြီးတော့ ဒေသကျယ်ဝန်းလွန်းတယ်။ တော၊ တောင်၊ လျှိုမြောင်၊ မြစ်၊ ချောင်းတွေကလည်း ပေါများလွန်းခြင်း၊ မြေကျယ်ဝန်းသလောက် လူဦးရေတစ်သိန်းကျော်ရဲ့ ၈၀ ရာခိုင်နှုန်းသောတောင်သူတွေအတွက် စိုက်ဧကဟာ ၇၀၀၀၀ ဝန်းကျင်ပဲရှိပါတယ်။ ရွာချင်းဆက်၊ မြို့ချင်းဆက် ဆက်သွယ်ရေးခက်ခဲမှုတွေကြောင့်လည်း စီးပွားရေးအခြေအနေဟာ လွန်စွာနိမ့်ကျကြောင်း၊ မြို့နယ်တွင် ဆက်သွယ်ရေးဖုန်းကလည်းမရှိ၊ လျှပ်စစ်မီးမရှိတဲ့အခြေအနေတွေနဲ့ လူနေမှုအဆင့်နိမ့်ပါးတာတွေ စတာတွေဟာ လွှတ်တော်မှာလည်း အကြိမ်ကြိမ်တင်ပြနေရတဲ့အတွက် သိရှိထားကြပြီးလည်းဖြစ်ပါတယ်။ မပြည့်စုံတဲ့မြို့နယ်ဖြစ်ပေမယ့်လည်း စုံလင်တာကတော့ ဝန်ထမ်းတွေပဲဖြစ်ပါတယ်။ ပျော်လိုမင်းကင်း စာလိုတောင်တွင်းဆိုတဲ့

ရှေးဆိုရိုးစကားလည်းရှိခဲ့ပါတယ်။ တာဝန်ကျဝန်ထမ်းတွေလည်း ပျော်ခဲ့ကြရပါတယ်။ ယခင်က နိုင်ငံတော်ကောင်စီကနေ မင်းကင်းမြို့နယ်ကို စစ်ကိုင်းတိုင်းဒေသကြီးရဲ့အတွင်းမှာ လူမှုရေး အခက်အခဲဆုံးအဆင့် မြို့နယ်တွေသတ်မှတ်ပြီးတော့ ဒေသစရိတ်ခံစားခွင့်ပေးခဲ့စဉ်ကလည်း ကျွန်မမြို့နယ်ဟာရရှိခဲ့ပါတယ်။ ယခုလည်းပဲ လိုအပ်ချက်များစွာကြောင့်မို့လို့ ဖွံ့ဖြိုးမှုနောက်ကျပြီးတော့ လူမှုရေးတိုးတက်ပြောင်းလဲခြင်းမရှိပေမယ့်လည်း မြို့နယ် ၁၁၀ အထိ ဒေသစရိတ်ခံစားခွင့်တွေ ရရှိလာပေမယ့်လည်း ကျွန်မမြို့နယ်မပါတာကို သိရတဲ့အတွက် လွှတ်တော်မှာ တင်ပြခဲ့ခြင်းဖြစ်ပါတယ်။ ဒေသစရိတ်ခံစားခွင့်ရှိတဲ့မြို့နယ်တွေ ပြင်ဆင်သတ်မှတ်စဉ်က တိုင်းဒေသကြီးအစိုးရကနေ ဝေးလံခေါင်သီဒေသအဖြစ် သတ်မှတ်ပေးရန် သုံးသပ်တင်ပြလာခြင်းအပေါ်မှာ ပြည်ထဲရေးဝန်ကြီးဌာနက စိစစ်ပြီးတော့သတ်မှတ်ခဲ့ခြင်းဖြစ်တယ်လို့ သိရှိခဲ့ရ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်ထံကို မင်းကင်းမြို့နယ်ရဲ့အခြေအနေအရ တာဝန်ကျဝန်ထမ်းတွေ လူနေမှုမပြည့်စုံကြပေမယ့်လည်း ရှေးယခင်ကလို ပျော်ရွှင်ဖွယ်ဝန်ထမ်းဘဝနဲ့ ဝမ်းပန်းတသာထမ်းဆောင်နိုင်ကြစေရန် ရည်ရွယ်ပြီးတော့ လစာနှစ်ဆ ဒါမှမဟုတ်လို့ရှိရင် ရှားပါးစရိတ်အနေနဲ့ ခံစားခွင့်ရရှိရေးကို တင်ပြကူညီဆောင်ရွက်ပေးမှုကို ကူညီပေးဖို့ရန်မေတ္တာရပ်ခံခဲ့ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ပြည်ထဲရေးဝန်ကြီးဌာနတို့ကနေပြီးတော့စိစစ်ပြီးတော့ ပေးပို့လာတဲ့မှတ်ချက်တွေအရလည်း ဆက်သွယ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းကိုလည်း ဘဏ္ဍာရေးဝန်ကြီးကနေပြီးတော့ ဖြေကြားထားဖူးတဲ့အတွက်ကို အောက်ပါမေးခွန်းတွေကိုလွှတ်တော်ဒုတိယဥက္ကဋ္ဌကနေတစ်ဆင့် မေးမြန်းအပ်ပါတယ်။

(က) စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ မင်းကင်းမြို့နယ်ရဲ့ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး လွန်စွာညံ့ဖျင်းမှုအပေါ်မှာ မည်ကဲ့သို့သဘောထားမှတ်ချက်ပေးပို့ထားပါသလဲ။ (ခ) ပြည်ထဲရေးဝန်ကြီးဌာနကနေပြီးတော့မှ မည်ကဲ့သို့စိစစ်သတ်မှတ်ထားပါသလဲ။ (ဂ) သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် မင်းကင်းမြို့နယ်ရှိ တာဝန်ရှိနိုင်ငံဝန်ထမ်းများအား လစာနှစ်ဆ သို့မဟုတ် ဒေသရှားပါးစရိတ်တိုးမြှင့်ပေးနိုင်ရန် စီမံထားရှိမှုအခြေအနေကို သိလိုပါသည်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဖုံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါ တယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဖုံမြင့်ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မွှေးလွင်ရဲ့ မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော်က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံတော် အနေနဲ့ ဒေသစရိတ်ခံစားခွင့်ပြုနိုင်ရေးအတွက်ကို ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲတဲ့ဒေသ၊ မြို့နယ် များသတ်မှတ်ရာမှာ အဓိက လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစတဲ့အခြေခံ စဉ်းစားသင့်တဲ့အခြေခံအချက်များအပေါ်မူတည်ပြီးတော့ သတ်မှတ်ပေးလျက် ရှိပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ကတော့ ဒေသစရိတ်ခံစားခွင့်ပြုနိုင်ရေးအတွက်ကို ဝေးလံ ခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသ၊ မြို့နယ်များသတ်မှတ်ရာမှာ အခြေခံစဉ်းစားသင့်တဲ့အချက် များကို အခြေခံပြီးတော့ ဒေသစရိတ်ခံစားခွင့်ပြုနိုင်ရေးအတွက်ကို ဘဏ္ဍာရေးဝန်ကြီးဌာနက စိစစ် ပေးရန်ညှိနှိုင်းလာတဲ့အခါမှာ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များရဲ့ သဘောထား မှတ်ချက်ကို တောင်းခံပြီးတော့ စိစစ်ပြန်ကြားပေးလျက်ရှိပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များမှ ဝေးလံခေါင်သီ၍လူမှုရေးခက်ခဲသောမြို့နယ်အဖြစ် သတ်မှတ်နိုင်ရေး သီးခြားတင်ပြ လာတဲ့အခါမှာလည်း စိစစ်ပြီးတော့ ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆက်လက်ပေးပို့ဆောင်ရွက်လျက်ရှိပါ တယ်။ ဘဏ္ဍာရေးဝန်ကြီးဌာနမှလည်း အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးတော့ ဝေးလံခေါင်သီဒေသအဖြစ် သတ်မှတ်ထုတ်ပြန်ပေးလျက်ရှိကြောင်းလည်း သိရှိရပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့ နယ်ဟာ ရပ်ကွက် သုံးရပ်ကွက်၊ ကျေးရွာအုပ်စု ၆၁ အုပ်စု၊ ကျေးရွာ ၁၈၈ ရွာ၊ အိမ်ခြေ ၂၁၄၅၅၊ အိမ်ထောင်စု ၂၂၄၆၅ စု၊ လူဦးရေ ၁ဝ၅၅၅၉ ဦးရှိပါတယ်။ လမ်းပန်းဆက်သွယ်မှုအနေနဲ့ မင်းကင်းမြို့ နယ်မှ ကလေးမြို့အထိ ကားလမ်းဖြင့် ၆၁ မိုင်၊ မင်းကင်းမြို့မှ ကလေးဝမြို့အထိ ရေလမ်း ၄၂ မိုင်ကွာ ဝေးပါတယ်။ အခြေခံပညာကျောင်းများဖွင့်လှစ်မှုအနေနဲ့ အထက်တန်းကျောင်း ငါးကျောင်း၊ အထက် တန်းကျောင်း(ခွဲ) ခြောက်ကျောင်း၊ အလယ်တန်းကျောင်း သုံးကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) ၂၅ ကျောင်း၊ မူလတန်း ကျောင်း ၇၅ ကျောင်း၊ မူလတန်းလွန်ကျောင်း ၂ဝ ကျောင်း၊ မူကြိုကျောင်း ၁၈ ကျောင်း စုစုပေါင်း ၁၅၂ ကျောင်းဖွင့်လှစ်ထားရှိပါတယ်။ ကျန်းမာရေးကဏ္ဍအနေနဲ့ (၂၅)ခုတင်ဆံ့

ဆေးရုံတစ်ရုံ၊ (၁၆)ခုတင်ဆံ့ ဆေးရုံသုံးရုံ၊ ကျေးလက်ကျန်းမာရေးဌာန ခုနစ်ခု၊ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)၂၅ ခု ဖွင့်လှစ်ထားရှိ ပြီးဖြစ်ပါတယ်။ မြို့နယ်အဆင့်ဌာနဆိုင်ရာရုံးပေါင်း ၂၉ ရုံးဖွင့်လှစ်ထားရှိပြီး အရာထမ်း ၅၁ ဦး၊ အမှုထမ်း ၁၆၆၅ ဦး စုစုပေါင်း ၁၇၁၆ ဦးကိုလည်း တာဝန်ထမ်းဆောင်စေလျက်ရှိကြောင်း သိရှိရပါ တယ်။

ဒေသစရိတ်ခံစားမှုအနေနဲ့ပတ်သက်ပြီးတော့ မင်းကင်းမြို့နယ်ကို ၁၉၆၂ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ ရှားပါးစရိတ်ရရှိခွင့် ခွင့်ပြုခဲ့ခြင်းနှင့် ၁၉၇၂ ခုနှစ်နောက်ပိုင်းမှာ ရှားပါးစရိတ်ခံစားခွင့် ပေးအပ်ခဲ့ခြင်းမရှိကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီရဲ့ ၉-၅-၁၉၇၉ ခုနှစ် ရက်စွဲပါစာအမှတ်ဖြင့်လည်း လူမှုရေးအခက်ခဲဆုံးအဆင့် မြို့နယ် ၂၂ မြို့နယ်၊ လူမှုရေးခက်ခဲသောအဆင့် မြို့နယ် ၂၆ မြို့နယ် စုစုပေါင်း ၄၈ မြို့နယ်အတွင်း ဒေသစရိတ်ခံစားခွင့်ပြုရာမှာလည်း မင်းကင်းမြို့နယ်ပါဝင်ခြင်းမရှိကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရလက်ထက်မှာ ဒေသစရိတ်ခံစားခွင့်ရှိပြီးတော့ လူမှုရေးခက်ခဲတဲ့မြို့နယ်၊ မြို့များအဖြစ်ကို ၁၅-၃-၂၀၁၂ ရက်စွဲပါစာအမှတ်ဖြင့် ထုတ်ပြန်ခဲ့တဲ့မြို့နယ်၊ မြို့ ၈၇ ခုအား လက်ရှိလစဉ် ထုတ်ယူရရှိသောလစာနှင့်စရိတ် ညီမျှငွေများကို ဒေသစရိတ်ခံစားခွင့်ပြုရာတွင်လည်း မင်းကင်းမြို့နယ်ပါဝင်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ လူမှုရေးခက်ခဲသောမြို့နယ်၊ မြို့ ၁၁၀ ခုကို ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ၁၅-၈-၂၀၁၃ ရက်စွဲပါစာအမှတ်ဖြင့် လက်ရှိလစဉ်ထုတ်ယူနေသောလစာနှင့်ညီမျှသောငွေကို ဒေသစရိတ်အဖြစ် ခံစားခွင့်ပြုရာတွင်လည်း မင်းကင်းမြို့နယ်ပါဝင်ခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။ မင်းကင်းမြို့နယ်ဟာ နွေရာသီမှာကားလမ်းဖြင့်လည်းကောင်း၊ မိုးရာသီတွင် ရေလမ်းခရီးဖြင့်လည်းကောင်း သွားလာ၍ရတဲ့အတွက် စစ်ကိုင်းတိုင်းဒေသကြီးအနေနဲ့ သူ့ထက်ပိုပြီးတော့ လူမှုရေးခက်ခဲတဲ့မြို့နယ် ရှစ်မြို့နယ်၊ မြို့ငါးမြို့ကိုသာ ထောက်ခံတင်ပြလာကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။ ဒေသစရိတ်ခံစားခွင့်ပြုရေးကို ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ၁၀-၄-၂၀၁၅ ရက်စွဲပါစာအမှတ်ဖြင့် ဝေးလံခေါင်သီ၍လူမှုရေးခက်ခဲသောဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား ၁-၄-၂၀၁၅ ရက်နေ့မှစ၍ ယာယီအစီအစဉ်ဖြင့် ဒေသစရိတ်ခံစားခွင့်ပြုရေးကို ပြင်ဆင်သတ်မှတ်ပေးခဲ့ကြောင်းနှင့် အမိန့်ကြော်ငြာစာ အပိုဒ် ၃ မှာလည်း ပြင်ဆင်သတ်မှတ်ထားတဲ့ ဒေသစရိတ်ခံစားခွင့်အား လက်ရှိအခြေအနေနဲ့ကိုက်ညီစေရန် ပြင်ဆင်သတ်မှတ်ရေးအတွက်ကို စိစစ်ရေးကော်မတီတစ်ရပ် ဖွဲ့စည်းလျက်ရှိပြီး ယင်းကော်မတီမှ စိစစ်သုံးသပ်အတည်ပြုသတ်မှတ်ပေးပါက နှုန်းထားအသစ်ဖြင့်

ဆက်လက်ထုတ်ပြန်မည်ဖြစ်ကြောင်း ထုတ်ပြခဲ့ပြီးဖြစ်ပါတယ်။ ၇-၅-၂၀၁၅ ရက်နေ့မှာ ပြည်ထောင်စု အစိုးရအဖွဲ့ရဲ့အမိန့်ကြော်ငြာစာအမှတ်(၄၃/၂၀၁၅)ဖြင့် ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသ အဖြစ် စိစစ်သတ်မှတ်နိုင်ရန်အတွက် ပြည်ထောင်စုအဆင့်စိစစ်ရေးကော်မတီကို ပြည်ထဲရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး ကျွန်တော်ဦးဆောင်တဲ့အဖွဲ့ကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။

ပြည်ထောင်စုအဆင့်စိစစ်ရေးကော်မတီမှ ၂၈-၅-၂၀၁၅ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၅)နှင့် လုပ်ငန်းဆောင်ရွက်ရာမှာ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသ ကြီး/ပြည်နယ်၊ နေပြည်တော်အဆင့်စိစစ်ရေးကော်မတီများကိုလည်း သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများပူးပေါင်းပါဝင်ပြီးတော့ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးများခေါင်းဆောင်တဲ့အဖွဲ့ဝင် ၁၄ ဦးဖြင့်လည်း ဆက်လက်ဖွဲ့စည်းပြီးတော့ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါ တယ်။ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်ထောင်စုအဆင့်စိစစ်ရေးကော်မတီမှ ဝေးလံ ခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများအဖြစ် သတ်မှတ်ရာမှာ အခြေခံစဉ်းစားသင့်သောအချက် (၁၀)ချက်ကိုလည်း သတ်မှတ်ထားပြီးဖြစ်ပါတယ်။ ဒါတွေကတော့ လုံခြုံရေးအခြေအနေအရ တည်ငြိမ် အေးချမ်းမှုမရှိခြင်း၊ လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်း၊ ဆက်သွယ်ရေးစနစ်ခက်ခဲခြင်း၊ ကုန်ဈေးနှုန်း ကြီးမြင့်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝမရရှိခြင်း၊ ပညာရေးစနစ်ဖွံ့ဖြိုးမှုနောက်ကျခြင်း၊ လျှပ်စစ်ဓာတ်အားလုံလောက်စွာမရရှိခြင်း၊ စီးပွားရေးလုပ်ငန်းများဖြစ်ထွန်းမှုနည်းပါးခြင်း၊ ရာသီဥတု ဆိုးဝါးခြင်း၊ လူမှုပတ်ဝန်းကျင်အခက်အခဲများရှိခြင်းတို့ ပါဝင်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်အဆင့်စိစစ်ရေးကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ပြီးဖြစ်တဲ့အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်အတွင်း ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသအဖြစ် သတ်မှတ်သော မြို့နယ်၊ မြို့၊ ကျေးရွာအုပ်စုများကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ များရဲ့ သဘောတူထောက်ခံချက်နှင့်အတူ ပြည်ထောင်စုအဆင့်စိစစ်ရေးကော်မတီသို့ တင်ပြဆောင် ရွက်သွားရန်လည်း တာဝန်ပေးအပ်ထားပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများအဖြစ် စိစစ်သတ်မှတ်ရေးကော်မတီမှ ကလေးခရိုင်၊ မင်းကင်းမြို့နယ်အား ဝေးလံခေါင်သီ၍လူမှုရေးခက်ခဲ သောဒေသအဖြစ်သတ်မှတ်ရန် အခြေခံစဉ်းစားရမည့်အချက်များနှင့် ကိုက်ညီအကျုံးဝင်မှုရှိ/မရှိ စိစစ် ဆောင်ရွက်ဆဲဖြစ်၍ စိစစ်ဆောင်ရွက်ပြီးစီးပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ သဘောတူထောက်ခံချက်

နဲ့အတူ ပြည်ထောင်စုအဆင့်စိစစ်ရေးကော်မတီကို ထောက်ခံတင်ပြလာပါက ဒေသစရိတ်ခံစားခွင့်ပြုရေးကို ဆက်လက်ပြီးတော့ စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**၁၆၃/၁၆၇ ပန်းဆိုးတန်းလမ်းရှိ စိန်ဘရားသားအဆောက်အအုံနှင့် ၁၂၂/၁၃၂ (၃၆)လမ်းရှိ ဂိုဒေါင်တို့အား လက်ရောက်ပိုင်ဆိုင်ခွင့် ပြန်လည်လွှဲပြောင်းပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးဝင်း(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းမှာရှိတဲ့ စိန်ဘရားသားအဆောက်အအုံနှင့် ၎င်းပိုင်ဂိုဒေါင်တွေနဲ့ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းမှာရှိတဲ့ စိန်ဘရားသားအဆောက်အအုံကြီးရဲ့ အပေါ်ဆုံးဒုတိယထပ်တွင်နေထိုင်သူ ဒေါ်ကြည်ကြည်ပိုင်ဆိုင်သော စိန်ဘရားသားအဆောက်အအုံနှင့် ဂိုဒေါင်ကို ၁၉၆၃ ခုနှစ်တုန်းက လုပ်ငန်းများ ပြည်သူပိုင် ပြုလုပ်ရေးဥပဒေအရ ပြည်သူပိုင်ပြုလုပ်ရာတွင် ပါဝင်သွားခဲ့ပြီး ၂၆-၂-၁၉၇၇ ခုနှစ်တွင် မူလပိုင်ရှင် ဒေါ်ကြည်ကြည်ထံသို့ စိန်ဘရားသားအဆောက်အအုံနှင့်ဂိုဒေါင်၏ တရားဝင်ပိုင်ဆိုင်ခွင့်များကို နိုင်ငံတော်မှ ပုံစံ(၃)အရ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ ၁၉၇၇ ခုနှစ်မှ မူလပိုင်ရှင် ဒေါ်ကြည်ကြည်မှ စိန်ဘရားသားအဆောက်အအုံနှင့် ဂိုဒေါင်အားလက်ရောက်ရရှိပြီးနောက် မြန်မာ့အာမခံလုပ်ငန်းသို့ လစဉ် ငှားရမ်းခပေးချေတဲ့စနစ်ဖြင့် ငှားရမ်းခဲ့ပြီးနောက် ဆက်လက်ပြီးတော့ ငှားရမ်းလိုတဲ့ဆန္ဒမရှိတဲ့အတွက် ပိုင်ရှင်ဒေါ်ကြည်ကြည်ထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ရန် ၈-၁၂-၁၉၉၂ ခုနှစ်မှာ မြန်မာ့အာမခံလုပ်ငန်းသို့ တင်ပြခဲ့ရာ မြန်မာ့အာမခံလုပ်ငန်းရဲ့ ၂၈-၁၂-၁၉၉၂ ရက်စွဲပါစာအမှတ်၊ အမခ/စီမံ ၁၀(အဆောက်အအုံ)၂၄/၉၂ ဖြင့် အာမခံလုပ်ငန်းခုနှစ်ထပ်(ရုံးချုပ်) အဆောက်အအုံကြီးပြီးစီးတဲ့အချိန်မှာ အမြန်ဆုံးလွှဲပြောင်းပေးမည်ဖြစ်ကြောင်း အကြောင်းပြန်ကြားခဲ့ပါတယ်။ မြန်မာ့အာမခံလုပ်ငန်းမှ စိန်ဘရားသားအဆောက်အအုံလွှဲပြောင်းရေးကိစ္စ သက်ဆိုင်ရာသို့ တင်ပြဆောင်ရွက်နေစဉ်ကာလတွင် ဒေါ်ကြည်ကြည် ကွယ်လွန်

သွားပါသဖြင့် အမွေအမှုကိစ္စများရှင်းလင်းပြီးမှ လွှဲပြောင်းပေးခြင်းကိုပြုလုပ်ရန် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရဲ့ ၁၇-၇-၁၉၉၆ ရက်စွဲပါစာအမှတ်၊ ဘခ-၃/၅-(၁၁၂၂/၉၆)ဖြင့် ညွှန်ကြားခဲ့ပါတယ်။ ရန်ကုန်တိုင်းတရားရုံးမှ အနိုင်ရရှိသူ ဒေါ်ဆွေသဇင်မြင့်မှ လက်ရောက်ပြန်လည်ရရှိရေးကို သက်ဆိုင်ရာသို့ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ယခုအခါ အချင်းဖြစ်အဆောက်အအုံဟာ သက်တမ်းကာလအားဖြင့် ကြာမြင့်လာခြင်း၊ ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန်လိုအပ်လျက်ရှိရာ မိခင်ကြီးဒေါ်ကြည်ကြည် ပိုင်ဆိုင်သော စိန်ဘရားသားအဆောက်အအုံ၏ မြေညီထပ်၊ ပထမထပ်နှင့် ဂိုဒေါင်တို့အား ၂၃-၆-၂၀၀၀ ရက်စွဲပါစာချုပ်အရ လက်ထိလက်ရောက် လွှဲပြောင်းပေးအပ်ခြင်းအပေါ် မရရှိသည့်အတွက် များစွာနစ်နာလျက်ရှိနေပါသဖြင့် မူလပိုင်ရှင်များအား ပြန်လည်ပေးအပ်ရန်အစီအစဉ်ရှိ/မရှိ သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမောင်မောင်သိမ်း(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်းရဲ့ မေးခွန်းကို ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းမှ ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ ဖြစ်စဉ်က နည်းနည်းလေးရှုပ်လျှားတဲ့အတွက်ကြောင့် ကျွန်တော် Power Point လေးနဲ့ ဖြစ်စဉ်ကို အတိအကျတင်ပြပေးသွားမှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော် Power Point တင်ထားတဲ့အတိုင်းပါပဲ။ ဒီအခင်းဖြစ်တဲ့ အဆောက်အအုံနဲ့ ဂိုဒေါင်က ကျောက်တံတားမြို့နယ် အမှတ်(၁၆၃)၊ (၁၆၇) ပန်းဆိုးတန်းမှာရှိတဲ့အဆောက်အအုံနဲ့ ၃၆ လမ်းအမှတ်(၁၂၂)နဲ့ (၁၃၂) မှာရှိတဲ့ ဂိုဒေါင်တို့ဖြစ်ပြီးတော့ မူလက စိန်ဘရားသားကုမ္ပဏီပိုင်တာဖြစ်ပါတယ်။ ၁၉၆၄ မှာ တော်လှန်ရေးကောင်စီရဲ့အမိန့်နဲ့ ပြည်သူပိုင်သိမ်းပြီးတော့ ကုန်သွယ်ရေးဝန်ကြီးဌာနရဲ့စီမံခန့်ခွဲမှုအောက်မှာထားရှိပါတယ်။ ၁၉၇၆ ခုနှစ်မှာတော့ မြန်မာ့အာမခံလုပ်ငန်းကနေပြီးတော့ ကုန်သွယ်ရေးမှ ငှားရမ်းပြီးတော့ သုံးစွဲပါတယ်။ ၁၉၇၇ ခုနှစ်မှာတော့ ရန်ကုန်တိုင်းကုန်သွယ်ရေးကနေပြီးတော့ ပိုင်ရှင်ကို ပြန်လည်လွှဲပြောင်းပေးခြင်း ပုံစံ(၃)ဖြင့် ပိုင်ရှင်ကို ပြန်ပေးပါတယ်။ ပြန်ပေးတဲ့အတွက်ကြောင့် မြန်မာ့အာမခံက ပိုင်ရှင်ထံမှဆက်ပြီးတော့ ငှားရမ်းခယူပြီး

ဆက်ငှားနေပါတယ်။ ၁၉၈၆ ခုနှစ်တွင် ဝန်ကြီးအဖွဲ့က အမိန့်တစ်ခုထုတ်ပါတယ်။ အဲဒီအမိန့်နဲ့ ပိုင်ရှင်အားပေးအပ်ခြင်းကိုပယ်ဖျက်ပြီးတော့ အပြီးအပိုင်သိမ်းရန်အကြောင်းကြားပါတယ်။ အဲဒီလို အကြောင်းကြားတဲ့အတွက်ကြောင့် အဖွဲ့ ဖွဲ့ပြီးတော့မှ အဖွဲ့ကနေပြီးတော့ အပြီးအပိုင်သိမ်းပါတယ်။ အပြီးအပိုင်သိမ်းပြီးကြောင်း စာကိုလည်းပဲ ပိုင်ရှင်ထံလိပ်မူပြီးတော့ ပေးပို့ထားပါတယ်။ အဲဒါက အရေးကြီးတဲ့သက်သေခံချက်ဖြစ်တဲ့အတွက် ကြောင့် ပူးတွဲပြီးတော့ ကျွန်တော် တစ်ခါတည်းတင်ထား ပါတယ်။ အဲဒီမှာကတော့ ပိုင်ရှင်ဖြစ်တဲ့ ဒေါ်ကြည်ကြည်ကို လိပ်စာတပ်ပြီး ပေးထားပြီးတော့ အပိုင်သိမ်းကြောင်း၊ လျော်ကြေးလျှောက်ထားနိုင်ကြောင်းပါ တစ်ခါတည်း တွဲရေးထားတာရှိပါတယ်။

၁၉၉၂ ခုနှစ်မှာတော့ ပိုင်ရှင်ကနေပြီးတော့ ကုန်သွယ်ရေးရဲ့ ပိုင်ရှင်ကို ပြန်လည်လွှဲပြောင်း ပေးခြင်း ပုံစံ(၃)ကို တင်ပြပြီးတော့ ပြန်လည်လွှဲပြောင်းပေးရန် မြန်မာ့အာမခံသို့ လျှောက်ပါတယ်။ မြန်မာ့အာမခံကလည်းပဲ ရုံးအဆောက်အအုံဆောက်လုပ်ဆဲဖြစ်တဲ့အတွက်ကြောင့် ပြီးစီးလျှင် လွှဲပြောင်းနိုင်ရေးကို စိစစ်ဆောင်ရွက်မည်ဆိုပြီးတော့ ပြန်ကြားပါတယ်။ ၁၉၉၆ ခုနှစ်မှာတော့ ပိုင်ရှင် ကတစ်ခါ ပုံစံ(၃)နဲ့တင်ပြပြီးတော့ ထပ်လျှောက်ပါတယ်။ မြန်မာ့အာမခံက ဝန်ကြီးရုံးကို တင်ပြပါတယ်။ တင်ပြနေဆဲအချိန်မှာပဲ ပိုင်ရှင်ကွယ်လွန်သွားပါတယ်။ ကွယ်လွန်သွားတဲ့အခါမှာ ပိုင်ရှင်ရဲ့ အမွေခံများ ကနေပြီးတော့ အမွေထိန်းစာ တရားရုံးမှာ လျှောက်ထားပါတယ်။ အမွေထိန်းစာရတဲ့အခါမှာ အမွေ ထိန်းစာအရ ထပ်မံပြီးတော့ လွှဲပေးရန်လျှောက်ပါတယ်။ အဲဒီလိုလျှောက်တဲ့အတွက်ကြောင့် ၁၉၉၇ ခုနှစ်မှာ မြန်မာ့အာမခံလုပ်ငန်းကနေပြီး ရှေ့နေချုပ်ရုံးကို အကြံဉာဏ်တောင်းပါတယ်။ ရှေ့နေချုပ်ရုံး ကနေပြီးတော့ တရားဝင် အမွေထိန်းစာအရ အမွေဆက်ခံသူလွှဲပြောင်းပေးနိုင်သည်ဟု သဘောရသော် လည်း ပြန်လည်လွှဲပေးရန်သင့်/မသင့်မှာ သက်ဆိုင်ရာဌာနရဲ့ စီမံခန့်ခွဲရေး လုပ်ပိုင်ခွင့်ဖြစ်တယ်ဆိုပြီး တော့ ပြန်ကြားပါတယ်။

၁၉၉၈ ခုနှစ်မှာတော့ အမွေထိန်းစာရထားတဲ့ အမွေဆက်ခံသူများကနေပြီး ဒုတိယဝန်ကြီးချုပ် အဲဒီတုန်းကတော့ ဗိုလ်ချုပ်ကြီးဦးမောင်မောင်ခင် ဖြစ်ပါတယ်။ ဒုတိယဝန်ကြီးချုပ်ထံကို အသနားခံ တင်ပြပါတယ်။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံးကနေပြီးတော့ အဲဒီကိစ္စကို လွှဲယူပြီးတော့မှ ရှေ့နေချုပ်ရုံးသို့ အကြံဉာဏ်တောင်းပါတယ်။ ၅-၆-၂၀၀၀ ရက်နေ့မှာတော့ မြန်မာ့အာမခံက အဲဒီအချိန်မှာ ရုံးသစ်ကို ရွှေ့သွားပြီဖြစ်ပါတယ်။ ဖြစ်တဲ့အတွက်ကြောင့် ပြန်လည်လွှဲပေးရန်ဆိုပြီးတော့ ဝန်ကြီးရုံးက အကြောင်းကြားပါတယ်။ အကြောင်းကြားတဲ့အတွက်ကြောင့် မြန်မာ့အာမခံက ၂၃-၆-

၂၀၀၀ ရက်နေ့မှာပြန်ပြီးတော့ လွှဲပေးခဲ့ပါတယ်။ ၇-၈-၂၀၀၀ ရက်နေ့မှာတော့ ဝန်ကြီးရုံးကနေပြီးတော့ အမွေထိန်းများသို့ ပြန်လည်လွှဲပေးခြင်းကို ပယ်ဖျက်ဖို့၊ အဆောက်အအုံကို ပြန်လည်လွှဲယူဖို့ အကြောင်းကြားတဲ့အတွက်ကြောင့် မြန်မာ့အာမခံက အမွေဆက်ခံသူများထံမှ ပြန်လည်လွှဲပြောင်း ရယူပါတယ်။ ၂၄-၄-၂၀၀၁ ရက်နေ့မှာတော့ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံးကနေပြီးတော့ ရှေ့နေချုပ်ရုံးရဲ့ စိစစ်ချက်တွေအရ ရှေ့နေချုပ်ရုံးက ဖြစ်စဉ်အားလုံးကို အသေးစိတ်စိစစ်တာ ဖြစ်ပါတယ်ခင်ဗျာ။ စိစစ်ပြီးတော့မှ ၁၉၈၆ ခုနှစ်ကတည်းက အပိုင်သိမ်းထားပြီးဖြစ်တဲ့အတွက်ကြောင့် ပြည်သူပိုင်အဖြစ် ဆက်လက်ထိန်းသိမ်းရန်ဆိုပြီးတော့ အကြောင်းကြားပါတယ်ခင်ဗျား။ အဲဒါကိုလည်း အရေးကြီးတဲ့သက်သေခံဖြစ် တဲ့အတွက် ပူးတွဲတင်ပြထားပါတယ်။ ၁၇-၇-၂၀၀၁ ရက်နေ့ကစပြီးတော့ ပြည်တွင်းအခွန်ကနေပြီးတော့ မြန်မာ့အာမခံထံမှလွှဲပြောင်းယူပြီးတော့ မြေညီထပ်မှာ အခွန် ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ် အဖွဲ့ရုံးဖွင့်ပြီးတော့ ဆောင်ရွက်နေပါတယ်။ ပထမထပ်မှာတော့ ရန်ကုန်တိုင်းဒေသကြီး၊ အခွန်ဦးစီးဌာန မှူးရုံးဖြစ်ပြီးတော့ ဆောင်ရွက်နေပါတယ်။ ၃၆ လမ်းမှာ ရှိတဲ့ဂိုဒေါင်ကိုတော့ ဗဟိုတံဆိပ်ခေါင်း အရောင်းကောင်တာအဖြစ်နဲ့ ဖွင့်လှစ်ပြီးတော့ ဆောင်ရွက် လျက်ရှိပါတယ်။ ၂၀၁၃ ခုနှစ်မှာတော့ အမွေခံတွေကနေပြီးတော့ ပြည်တွင်းအခွန်ကို မြေဥပစာမှ ဖယ်ရှားပြီးတော့ လက်ရောက်ပြန်လည်ပေးအပ်စေလိုမှု တရားမကြီးစွဲပါတယ်။ စွဲတဲ့အတွက်ကြောင့် လက်ရှိမှာ ပြည်တွင်းအခွန်က အမှုရင်ဆိုင်နေဆဲ ပဲဖြစ်ပါတယ်။

အဲဒီတော့ ဦးစိုးဝင်းရဲ့ မေးခွန်းမှာပါတဲ့ ပြန်လွှဲပေးနိုင်ခြင်းရှိ/မရှိဆိုတဲ့မေးခွန်းနဲ့ ပတ်သက်ပြီး တော့ အကျဉ်းချုပ်ပြန်လည်တင်ပြရရင်တော့ ၁၉၈၆ ခုနှစ်ကတည်းကိုက အပြီးအပိုင်သိမ်းထားပြီး ဖြစ်ပါတယ်။ ဒါ ပထမတစ်ချက်ဖြစ်ပါတယ်။ ဒုတိယတစ်ချက်ကတော့ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်ကလည်း ရှေ့နေချုပ်ရုံးရဲ့အဆင့်ဆင့်စိစစ်ချက်တွေကို မူတည်ပြီးတော့မှ ပြည်သူပိုင်အဖြစ် ထိန်းသိမ်း ရန်ဆိုပြီးတော့ ၂၀၀၁ ခုနှစ်မှာ ဆုံးဖြတ်ထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၂၀၀၁ ခုနှစ်ကစပြီးတော့ ပြည်တွင်းအခွန်ရဲ့လက်ဝယ်မှာ ဒီပစ္စည်းဟာရှိနေပါတယ်။ ကာလစည်းကမ်းသတ် ဥပဒေအရပြောရရင် ၁၂ နှစ်တောင်မှ ကျော်သွားတဲ့အနေအထားရှိပါတယ်။ ပြီးတော့ နောက်ဆုံး တစ်ချက်ကတော့ တရားမကြီးမှုစွဲထားတဲ့အတွက်ကြောင့် တရားမကြီးမှုပြီးတဲ့အထိတော့ ကျွန်တော်တို့ စောင့်ရမယ့်အနေအထားရှိတဲ့ အတွက်ကြောင့် ပြန်လည်လွှဲပြောင်းပေး၍မရပါကြောင်း လေးစားစွာ ဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဦးစိုးဝင်း(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းလေး မေးမြန်းခွင့်ပြုပါ။ ဒီကိစ္စကို လာရောက်ဖြေကြားပေးတဲ့ ဒုတိယဝန်ကြီးကိုယ်တိုင် အဲဒီအချိန်တုန်းကတော့ ဦးဆောင်ညွှန်ကြားရေးမှူး ဘဝနဲ့ပြန်လည်ပြီးတော့ ခုနှစ်ထပ်ရုံးပြီးရင် ပြန်လည်လွဲပြောင်းပေးမယ်ဆိုတဲ့ ကတိခံဝန်ချုပ် ရှိခဲ့ဖူးတယ်လို့ ကြားသိရပါတယ်။ နောက်တစ်ချက်က ဥပဒေအရ သိမ်းတာဆိုရင် အခု ထပ်မံပြီးတော့ ၁၉၈၆ ခုနှစ်မှာ နောင်တစ်ကြိမ် ထပ်မံပြည်သူပိုင်သိမ်းတဲ့ပုံစံမျိုးဖြစ်ပေါ်နေတာကို တွေ့ရှိရတဲ့အတွက် မည်သည့်အမိန့်ပြန်တမ်းနဲ့ သိမ်းဆည်းတယ်ဆိုတာကို သိရှိလိုပါတယ်။ ကျွန်တော်တို့ ဥပဒေအရ ပြောရရင်တော့ ဒါ အိမ်ရှင်က ဒေါ်ကြည်ကြည်ဖြစ်ပြီးတော့ အိမ်ငှားက နိုင်ငံတော်အစိုးရဖြစ်နေပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ အိမ်ရှင်ဟာ တရားဝင်ဥပဒေနဲ့အညီ ပြန်လည်တောင်းရမ်းတာအပေါ်မှာ လိုက်နာခြင်းမရှိတဲ့အတွက် ပြည်သူက အယုံအကြည်ကင်းမဲ့လာနိုင်ပါတယ်။ ဒါကြောင့်မို့လို့ မည်ကဲ့သို့သော အနေအထားမျိုးနဲ့ ပြန်လည်ပြီးတော့ ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ထပ်မံမေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဒေါက်တာမောင်မောင်သိမ်း(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အချက်နဲ့ပတ်သက်လို့ကတော့ ဒါ ဥပဒေကြောင်း အမှားအမှန် ဆုံးဖြတ်ရမယ့် အချက်တွေဖြစ်သွားပါတယ်။ အမွေဆက်ခံသူများကလည်း တရားမကြီးမှုစွဲထားပြီးဖြစ်နေတဲ့အတွက်ကြောင့် ဥပဒေပိုင်းဆိုင်ရာမှားတယ်၊ မှန်တယ်ဆိုတဲ့ကိစ္စတွေကို တရားလွှတ်တော်ချုပ်က ဆုံးဖြတ်သွားမှာဖြစ်တဲ့အကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ မေးတဲ့မေးခွန်းရှင်ကော၊ ပြန်လည်ဖြေကြားပေးတဲ့ ပုဂ္ဂိုလ်များလည်း ကျေးဇူးတင်ပါတယ်။ သို့သော်လည်း ခုနကပြောတဲ့မေးခွန်းနဲ့ အဖြေမှာတော့ ကျွန်တော်တို့ မေးစရာလေးတွေဖြစ်နေတာလေးတွေ ဖြစ်သွားတာပါ။ တော်လှန်ရေးကောင်စီအစိုးရတက်ပြီးတဲ့ နောက်ပိုင်းမှာ ကျွန်တော်တို့အစိုးရက ပုဂ္ဂလိကကျောင်းများကိုလည်းပဲ ပြည်သူပိုင်တွေ သိမ်းခဲ့တယ်။ တစ်ခါ လုပ်ငန်းတွေနဲ့ပတ်သက်လို့လည်း ပြည်သူပိုင်သိမ်းခဲ့တာလည်း ရှိပါတယ်။ ဒါကတော့ အဲဒီအချိန်ကာလက သူတို့ရဲ့စီးပွားရေးစနစ်အရ သူတို့ကသိမ်းဆည်းခဲ့တာတွေဖြစ်တဲ့ အတွက်ကြောင့် ကျွန်တော်တို့ နားလည်ခဲ့ပါတယ်။ တစ်ခါပြန်ပြီးတော့ တော်လှန်ရေးကောင်စီ လက်ထက်ကနေပြီးတော့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ လက်ထက်ရောက်ပြီးတော့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံ

ဥပဒေကို အသစ်ရေးဆွဲပြီး ပြောင်းလဲလာပြီးတဲ့အခါမှာ အစိုးရသစ်ဖြစ်လာတဲ့အခါမှာ ပြန်ပြီးတော့ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးဆိုပြီးတော့ အစိုးရကနေပြီးတော့ ပြည်သူများကို ပြန်လည်လွှဲပြောင်းပေးခဲ့တာ တွေ ရှိပါတယ်။ ဒါကြောင့်မို့လို့ အဲဒီတုန်းကလည်းပဲ ပြန်လည်လွှဲပြောင်းပေးခဲ့ တယ်ဆိုတာကိုလည်းပဲ ခုနက ဒုတိယဝန်ကြီးကလည်း ဖြေကြားသွားတဲ့အတွက် ပိုင်ရှင်များ လက်ဝယ်ရောက်ရှိသွားပြီ ဖြစ်ကြောင်းလည်း အားလုံးကသိတယ်။ ပြီးတော့မှတစ်ခါပြန်လည်ပြီးတော့ ငှားရမ်းတယ်ဆိုတဲ့အနေနဲ့ ပြန်လည်ပြီး ငှားရမ်းတာ အဲဒီတုန်းကကျွန်တော်သိချင်တာလေးတစ်ခုပါ။ ကြားကဖြတ်ပြီးတော့။ ငှားရမ်းတယ်ဆိုတဲ့ နေရာမှာ ဒီလိုပဲငှားရမ်းလိုက်တာလား ဒါမှမဟုတ်ရင်လည်း စာချုပ်စာတမ်းနှင့် တကွ ငှားရမ်းခဲ့တာလားဆိုတာ နံပါတ်(၁) ကျွန်တော် သိလိုပါတယ်။

နောက်နံပါတ် (၂) အနေနဲ့က ခုန ကိုယ်စားလှယ်ကြီးမေးသလိုပဲ ၁၉၆၄ ခုနှစ်တုန်းကတော့ စီးပွားရေးစနစ်အရ ပြည်သူပိုင်သိမ်းခဲ့တာတွေ မှန်ပါတယ်။ နောက်တော့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီရောက်လာပြီးတဲ့ အခါကျတော့ ပြည်သူပိုင်ကနေပြီးတော့ ပုဂ္ဂလိကတွေပဲ ပြန်ပေးတဲ့အခါမှာ အစိုးရရဲ့ကြင်နာသနားမှု၊ ပြည်သူများအပေါ်မှာ စာနာထောက်ထားမှုနဲ့ ပြန်ပေးခဲ့တာလေးတွေ့တဲ့ အတွက် ကျွန်တော်တို့ ကျေးဇူးတင်မှုဒိတာလည်း ပွားမိပါတယ်။ သို့သော်လည်း ခုနက ကိုယ်စားလှယ် ကြီးမေးတဲ့အတိုင်းပဲ ၁၉၈၆ ခုနှစ်မှာ ဝန်ကြီးရုံးကဆိုလား၊ ဝန်ကြီးအမိန့်နဲ့ဆိုလား ပြန်လည်သိမ်းဆည်း သွားတယ်ဆိုတာ အဲဒီတုန်းက ပြည်သူပိုင်သိမ်းဆည်းတဲ့ အဖွဲ့ကိုမဖျက်သိမ်းရသေးတဲ့အတွက် အဲဒီအမိန့်ကို ပြန်လည်ပြီးတော့ ထုတ်ပြန်ပြီးတော့ ပြန်လည်သိမ်းဆည်းတာလားဆိုတာလေးလည်း သဲကွဲအောင်ရှင်းလင်းပေးစေလိုပါတယ်။ နောက်တစ်ခုကတော့ ခုနကပြောသလိုပါပဲ အမှုရင်ဆိုင် နေရတဲ့အတွက် ခုနကိုယ်စားလှယ်ကြီးပြောတဲ့စကားပဲ ပြောရရင်တော့ ဒီကနေ့မှာတော့ ခုန လယ်ယာ မြေနှင့်အခြားမြေများ သိမ်းဆည်းမှုတွေမှာလည်းပဲ နိုင်ငံတော်ကပြန်လည်ပြီး စိစစ်ပြီးတော့ ပြန်လည်ပေးအပ်နေတာလည်း ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာတွေက ပုဂ္ဂလိကပိုင်တွေဖြစ်နေတဲ့ အတွက် အစိုးရအနေနဲ့ကလည်း ကတိကဝတ်လည်းရှိထားတယ်ဆိုရင် အမှုစွဲခံရတယ်ဆိုတာက လည်းပဲ အမှန်တရားပြောရရင်တော့လည်း အရင်ကျွန်တော်တို့ ပုဂ္ဂလိကပုဂ္ဂိုလ်ရေးအရ အိမ်ရှင် အိမ်ငှားများ လုပ်သလိုမျိုး ဖြစ်နေပါတယ်။ အခုတော့ အစိုးရကလည်းပဲ အခုလိုမျိုးတရားစွဲခံရတယ် ဆိုတော့လည်း ကြားလို့မကောင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့တော့ ခုနမေးတဲ့ မေးခွန်းလေး နှစ်ခုရယ်၊ တရားရုံးရဲ့အခြေအနေလေး ဘယ်လောက်ထိရောက်နေပြီဆိုတာလေလည်း အကယ်၍များဖြေရှင်းပြနိုင်မယ်ဆိုရင် ရှင်းလင်းပေး စေလိုပါတယ်။

**မှူးကြမ်း**

**ဒေါက်တာမောင်မောင်သိမ်း( ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ ဒုတိယဥက္ကဋ္ဌကြီး မေးမြန်းတဲ့ မေးခွန်းတွေပါခင်ဗျား။ ပထမမေးခွန်းကတော့ ငှားတဲ့အချိန်တုန်းက စာချုပ်နဲ့ငှားသလား ဆိုတာ အဲဒီတုန်းကတော့ ကျွန်တော် မြန်မာ့အာမခံမှာမရှိသေးပါဘူး။ ကျွန်တော်က ၁၉၉၂ နောက်ပိုင်းမှ ရောက်တာပါ။ ဆိုတော့ အစိုးရဌာနဖြစ်တဲ့အတွက်ကြောင့် Presention ပဲ ကျွန်တော် ပြောရမယ် ရင်တော့ စာချုပ်နဲ့ငှားတာပဲ ဖြစ်ပါလိမ့်မယ်။ ဒီအတိုင်းတော့ ငှားတာမဖြစ်နိုင်ပါဘူး။ အဲဒါတစ်ချက် ကျွန်တော်ဖြေကြားချင်ပါတယ်။ နောက်တစ်ခါ ၁၉၈၆ ခုနှစ်အမိန့်အရ ကျွန်တော်တို့မှာ မိတ္တူရှိပါတယ်။ Power Point မှာလည်းပဲ တစ်ပါတည်းတွဲပြီး တင်ပြထားပါတယ်။ ၁၉၈၆ ခုနှစ်အမိန့် မှာဝန်ကြီးအဖွဲ့ကနေပြီးတော့ သိမ်းတာပါ။ ပြန်ပြီးတော့ ပထမအမိန့်ကို ပြန်ပယ်ဖျက်ပြီးတော့ ဒါကို သိမ်းဖို့၊ အပြီးအပိုင်သိမ်းဖို့ အမိန့်ချတာဖြစ်ပါတယ်။ ဘာကြောင့်ချသလဲဆိုတာတော့ ဒါလည်းပဲ ကျွန်တော်တို့လိုက်မမှီတဲ့ အနေအထားရှိပါတယ်။ နောက်တစ်ခါ ပြန်ပေးလို့ရ/မရဆိုတဲ့ကိစ္စကလည်းပဲ တရားစွဲထားပြီးရင်တော့ တရားရင်ဆိုင်နေရတဲ့ ပစ္စည်းတစ်ခုကို လွှဲပြောင်းပေးဖို့ဆိုတာ ဥပဒေအရကို မဖြစ်နိုင်တဲ့အနေအထားရှိပါတယ်။ ဒါကိုပဲ ကျွန်တော်ဖြေချင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ အခုလို ပြန်လည်ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

**ကြည့်မြင်တိုင် တစ်ဖက်ကမ်းရှိ ကျေးရွာများအတွက် သောက်သုံးရေလုံလောက်မှုရရှိရန် သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံဆောင်ရွက်ထားရှိမှု အခြေအနေကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းစိန်(ကြည့်မြင်တိုင်မဲဆန္ဒနယ်)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တော်ကြီးများ၊ ကြွရောက်လာသောဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ် ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းစိန်ဖြစ်ပါတယ်။ ကျွန်တော်၏မဲဆန္ဒနယ်မြေဖြစ်သော ကြည့်မြင်တိုင်တစ်ဖက် ကမ်းမှာ ရွာပေါင်း ၁၁ ရွာရှိပါတယ်။ လူဦးရေပေါင်းကတော့ ၄၄၀၅၉ ဦး နေထိုင်လျက်ရှိပါတယ်။ လမ်းပန်းဆက်သွယ်ရေးကလည်း လုံးဝကားလမ်းဟူ၍ မရှိဘဲနဲ့ ရေလမ်းခရီးကိုသာ ဦးစားပေးပြီးသွား လာနေပါတယ်။ အဲဒီတော့ သောက်ရေကန်ပေါင်းဟာ ရွာ ၁၁ ရွာမှာ ၅၁ ကန်သာရှိပါတယ်။ နွေရာသီ ရောက်တဲ့အခါမှာ ဒီသောက်ရေကန်တွေက ခမ်းခြောက်လာပြီးတော့ သောက်သုံးရေသုံးစွဲမှုပြဿနာ

ဟာ နှစ်စဉ်နဲ့အမျှ ဒေသခံပြည်သူတွေ ရင်ဆိုင်နေရပါတယ်။ အဲဒီပြဿနာကို ဖြေရှင်းဖို့အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကနေပြီးတော့ ရေသမွာန်ယာဉ်တွေ၊ အလှူရှင်တွေက ရေသန့်ဘူးလှူဒါန်းမှုတွေကလည်း ပြုလုပ်ခဲ့ကြတာ တွေ့ရပါတယ်။ သို့သော်များလည်းပဲ လူဦးရေများပြားတဲ့အတွက် လုံးဝဒီပြဿနာကို ထိရောက်ဖြေရှင်းနိုင်မှု မရှိပါဘူး။ ကျွန်တော် Projectorနဲ့ ထိုးပြခွင့်ပြုဖို့ ဒုတိယဥက္ကဋ္ဌ ကြီးကို ခွင့်ပန်ကြားပါတယ်။ ဒါကတော့ ဂါလန် ၂၅၀၀ ဆံ့ သမွာန်နဲ့ သောက်သုံးရေတွေကို ပေးဝေနေတာဖြစ်ပါတယ်။ အဲဒါကို ရွာတစ်ဖက်ကမ်းကနေပြီးတော့ အဲဒီသမွာန်တွေကနေပြီးတော့ လှောင်ကန်တွေကတစ်ဆင့် ဘုန်းကြီးတွေက ဦးဆောင် ပြီးတော့ စုစည်းပေးတယ်။ စုစည်းပေးပြီးတော့ ဒီရပ်ကွက်လူထုကို ကျွန်တော်တို့က အလှည့်ကျစနစ်နဲ့ ပေးဝေပါတယ်။ တစ်အိမ်ထောင်ကို အဲဒီအပြာပုံးတစ်ပုံးပဲရတယ်။ အဲဒီတော့ ဒါဆိုလို့ရှိရင် သက်ကြီးရွယ်အိုတွေဆိုတော့ သယ်လို့မရဘူးပေါ့။ ကမ်းနားနဲ့နီးတဲ့အိမ်တွေမှာပဲ သယ်လို့ရတယ်။ ဟိုးအဝေးကလူတွေကတော့ ဒီပုံးတွေကို သယ်ခွင့်မရှိဘူး။ ရနိုင်သမျှ ဥစ္စာလေးနဲ့ပဲ သယ်တာတွေ့ရပါတယ်။ ဒီဟာကတော့ သောက်သုံးရေ ရေသောက်ရဖို့ အတွက်ကိုသာ ပင်ပန်းဆင်းရဲစွာနဲ့ ရှည်လျားစွာအလှည့်ကျတန်းစီနေတာ ဖြစ်ပါတယ်။ ဒီဟာကလည်း ဒီအတိုင်းပါပဲ။ ကမ်းနဲ့နီးစပ်တဲ့ရွာမှာပဲ၊ နေရာများမှာပဲ ပိုက်ကတိုတဲ့အတွက် အဲဒီနေရာမှာပဲ စုဝေးပြီးတော့ ရေပေးဝေရပါတယ်။ ဒါကတော့ ပင်ပင်ပန်းပန်းနဲ့ ရေလေးတစ်ပုံးရဖို့အတွက် အိမ်ရောက်တဲ့အထိ သယ်ယူနေတဲ့ပုံဖြစ်ပါတယ်။ အဲဒီလိုပြဿနာကို ကျွန်တော်တို့ ဖြေရှင်းနိုင်ဖို့အတွက် သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရကို မေးခွန်းတစ်ခုမေးမြန်းလိုပါတယ်။ အဲဒီတော့ ကြည့်မြင်တိုင်တစ်ဖက်ကမ်း သောက်သုံးရေရရှိဖို့အတွက် လုံလောက်မှုရရှိစေရန်အတွက် သက်ဆိုင် ရာပြည်ထောင်စုအစိုးရအဖွဲ့ကနေပြီးတော့ မည်သို့စီမံဆောင်ရွက်ထားပါသနည်း။ အစီအစဉ်ရှိပါက အဲဒီအစီအစဉ်က ဘယ်တော့မှပြီးဆုံးမှာလဲ၊ တကယ်လို့ အစီအစဉ်မရှိပါက အဘယ်ကြောင့်နည်း။ အဲဒါကို ဒေသခံပြည်သူများကိုယ်စား ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးကျော်ကျော်ဝင်း( ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၁)မှ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိန်ရဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ကိုယ်စား လေးစားစွာ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဒုတိယဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်တစ်ဖက်ကမ်းတွင် ရပ်ကွက်ပေါင်း ၁၁ ခုရှိပြီး လူဦးရေမှာ ၂၀၁၂ ခုနှစ်တွင် ၃၆၅၁၈ ဦး၊ ၂၀၁၂-၂၀၁၃ တွင် ၃၆၈၈၄ ဦး၊ ၂၀၁၃-၂၀၁၄ တွင် ၃၆၉၅၇ ဦး၊ ၂၀၁၄-၂၀၁၅ တွင် ၄၀၄၅၉ ဦး နေထိုင်လျက်ရှိပါတယ်။ အဆိုပါရပ်ကွက်နေပြည်သူများသည် မူလက ဆိပ်ကြီးရပ်ကွက်မှ ကန်လေးကန်၊ ဦးမြရပ်ကွက်မှ ကန်နှစ်ကန်၊ ငါးစင်ရပ်ကွက်မှ ကန်လေးကန်၊ အလတ်ချောင်း ရပ်ကွက်မှ ကန်သုံး ကန်၊ အောက်ရုံရပ်ကွက်မှ ကန်လေးကန်၊ စက်ဆန်းရပ်ကွက်မှ ကန်ငါးကန်၊ စက်ကလေးရပ်ကွက်မှ ကန်နှစ်ကန်၊ ဘလုပ်ညွန့်ရပ်ကွက်မှ ကန်ခုနစ်ကန်၊ အေးရွာအရှေ့ရပ်ကွက်မှ ကန်ငါးကန်၊ အေးရွာအနောက်ရပ် ကွက်မှ ကန်လေးကန်၊ ဝါးရုံဆိပ်ကမ်းရပ်ကွက်မှ ကန် ၁၀ ကန် စုစုပေါင်း ရေကန် ၅၀ ကန်မှ ရေကိုရယူသုံးစွဲခဲ့ကြပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်မြို့စည်ပင်သာယာရေးကော်မတီမှ ဦးမြရပ်ကွက်နှင့် ငါးစင်ရပ်ကွက်အနီးရှိ မြေဧကငါးဧကပေါ်၌ ရေကန်တစ်ကန်ကို ထပ်မံတူးဖော်ပေးခဲ့ပါတယ်။ ယခုအချိန်တွင် စုစုပေါင်းရေကန် ၅၁ ကန်မှ ရေရယူသုံးစွဲလျက်ရှိပါတယ်။

ထိုကဲ့သို့ ရေကန်များမှ ရေသုံးစွဲလျက်ရှိရာ မိုးရာသီနှင့် ဆောင်းရာသီများတွင် ရေမပြတ်ရရှိသော်လည်း အဆိုပါရပ်ကွက်များတွင် နေထိုင်သူလူဦးရေ နှစ်စဉ်တိုးတက်လာခြင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရွာသွန်းမှုလျော့နည်းကာ ကန်ရေဝင်ရောက်မှုနည်းပါးလာခြင်းနှင့် အပူချိန်မြင့်မားလာခြင်းတို့ကြောင့် ရေလိုအပ်ချက်မှာ နှစ်စဉ်မြင့်တက်လာသည်ကို လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ၂၀၁၀ ခုနှစ်မှစတင်၍ ရေသယ်သမ္ဘာန်များဖြင့်

ရေဖြန့်ဝေရေးလုပ်ငန်းများကို ဖြန့်ဝေပေးခဲ့ပါတယ်။ ဒီလိုရေသယ်သမ္ဘာန်များနဲ့ သောက်သုံးရေပေးဝေချိန်၌ ရေများထည့်သွင်းအသုံးပြုနိုင်ရန်အတွက် ဂါလန် ၂၂၅၀ ဆံ့အုတ်ရေကန် ၁၁ လုံးကို ရပ်ကွက်အသီးသီးမှာ တစ်ပြိုင်တည်းတည်ဆောက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ယခုနှစ်မှာ နွေရာသီအတွင်း ရေဂါလန်ပေါင်း ၃.၅ သန်းကျော်ကို ပေးပို့ခဲ့ပြီး လေလွင့်မှုမရှိစေရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အထောက်အကူပြုအဖွဲ့များ စုပေါင်း၍ စနစ်တကျပေးဝေခဲ့ပါတယ်။ မေးမြန်းချက်ပါ ကြည့်မြင်တိုင်တစ်ဖက်ကမ်းရပ်ကွက်များသို့ ရေပေးဝေရေးစနစ်တည်ဆောက်နိုင်ရေးအတွက် မြေအောက်ရေထုတ်ယူသုံးစွဲရန် ရည်ရွယ်၍ ၁၉၉၁ ခုနှစ်၊ ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၀၉ ခုနှစ်များတွင် အဝီစိတွင်းအစမ်းတွင်းများတူးဖော်ပြီး လေ့လာဆန်းစစ်ခဲ့သော်လည်း အငန်ဓါတ်ပါဝင်မှုနှုန်းများပြားခြင်း၊ ရေထွက်နှုန်းနည်းပါးခြင်းနှင့် အမြောက်အများ ထုတ်ယူသုံးစွဲရန် ဖြစ်နိုင်ခြေနည်းပါးခြင်းတို့ကြောင့် မြေအောက်ရေအရင်းအမြစ်မှ ပေးဝေရန် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။ အနီးပတ်ဝန်းကျင်ရှိ လှိုင်မြစ်နှင့် ပန်းလှိုင်မြစ်တို့မှာလည်း ရေငန်ပါဝင်မှုနှုန်းမြင့်များခြင်းကြောင့် ၁၂ ရာသီပတ်လုံး ရေရယူပေးဝေရန် ခဲယဉ်းခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ရေချိုရေသန့်လုံလောက်စွာ ဖြန့်ဖြူးနိုင်မည့် ရေအရင်းအမြစ်များ ရှာဖွေစူးစမ်းခဲ့ရာရန်ကုန်မြို့အနောက်ဖက် ၁၈ မိုင်ခန့်ဝေးသည့် ကုက္ကိုဝမြစ်မှရေကို သန့်စင်ပြီးပေးဝေနိုင်သည့်အတွက် ကုက္ကိုဝမြစ်ရေပေးဝေရေး စီမံကိန်းဆောင်ရွက်ရန် လျာထားခဲ့ပြီး ဖြစ်ပါတယ်။ အဆိုပါစီမံကိန်းအကောင်အထည်ဖော်နိုင်ရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မြေပြုပြင်ခြင်းနှင့် အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်ထားရှိခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်လည်း ရေသန့်စင်စက်ရုံတည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ရန်အတွက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)နှင့်ပူးပေါင်း၍ Design ရေးဆွဲခြင်းနှင့် စီမံကိန်းအကြိုတည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ယင်းစီမံကိန်းအတွက် ဂျပန်နိုင်ငံအစိုးရမှ ODA LOAN ရရှိရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး အဆိုပါစီမံကိန်း ပထမအဆင့်ပြီးစီးပါက မေးမြန်းချက်ပါ ကြည့်မြင်တိုင် တစ်ဖက်ကမ်းရပ်ကွက်များ အပါအဝင် လှိုင်သာယာမြို့နယ်၊ အင်းစိန်မြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်နှင့် အလုံမြို့နယ်အစရှိသောရန်ကုန်အနောက်ပိုင်း မြို့နယ်များသို့ သောက်သုံးရေဂါလန် သန်း ၆၀ ကို နေ့စဉ်ပေးဝေသွားနိုင်ရန် စီမံထားရှိပါကြောင်း ပြန်လည်ဖြေကြား အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**စစ်ကိုင်းမြို့အတွင်းရှိ ရပ်ကွက်(၁၀) ရပ်ကွက်အား မိုးရေနစ်ခြင်းမှ ကင်းဝေးစေရန်နှင့် မြို့၏ရေဆိုး ထုတ်စနစ် ရေစီးရေလာကောင်းစေရေး Master Plan ရေးဆွဲ၍ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သိန်း(စစ်ကိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်အခု မေးမြန်းတင်ပါမယ့်မေးခွန်းကတော့ စစ်ကိုင်းမြို့နဲ့စပ်လျဉ်းတဲ့မေးခွန်းဖြစ်ပါတယ်။ ကျွန်တော်တို့ စစ်ကိုင်းမြို့ဟာ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ မြို့တော်ဖြစ်ပါတယ်။ တိုင်းဒေသကြီးရုံးများ မုံရွာမြို့ကို ပြောင်းရွှေ့သွားခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဟာလည်းပဲ စစ်ကိုင်းမြို့တော်မှာ မရှိခြင်းတို့ ကြောင့် ဖွံ့ဖြိုးမှုနှေးကွေးခဲ့ရပါတယ်။ ဥပမာ-စစ်ကိုင်းတိုင်းအားကစားကွင်းဟာ ချုံနွယ်သစ်ပင်များ ထူထပ်စွာပေါက်ရောက်ပြီးတော့မှ ပွဲကြည့်စင်ဟာလည်းပဲ ဆွေးမြေ့ပျက်စီးခဲ့ပါတယ်။ အခုမှ စစ်ကိုင်း နှစ် ၇၀၀ ပြည့်ပွဲတော်ကျင်းပရန် နီးမှသာရှင်းလင်းခဲ့ရခြင်း၊ ယခင်ဆိုရှယ်လစ်ခေတ်က ကလေးကစား ကွင်းများလည်း ပျောက်ကွယ်သွားခဲ့ပါတယ်။ စစ်ကိုင်းကမ်းနားလမ်း သာယာလှပမှုနဲ့ ကျန်းမာရေး လေ့ကျင့်ခန်းလုပ်မယ့်ပစ္စည်းတွေလည်းပဲ လိုအပ်နေပါတယ်။ ယခုတင်ပြမှာကတော့ ကျွန်တော်တို့ စစ်ကိုင်းမြို့ဟာ ရှေးခေတ်မြန်မာဘုရင်များက ဧရာဝတီမြစ်ရေဝင်ရာအရပ်ကို တာရိုးဖို့ပြီးတော့ မြို့ အကွက်ရိုက်ကာ တည်ဆောက်ခဲ့ခြင်းဖြစ်တဲ့အတွက် ဧရာဝတီမြစ်ရေကြီးလို့ရှိရင် မြို့ရဲ့အရှေ့တောင် ဘက်၊ စစ်ကိုင်းတံတာကစပြီးတော့မှ အေးမြဝတီရပ်ကွက်၊ ထားဝယ်စျေးရပ်ကွက်တို့မှာ တာရိုးများ ဖို့ထားပြီး မြစ်ရေမဝင်အောင် ဆောင်ရွက်ထားခြင်းဖြစ်ပါတယ်။ မြို့အရှေ့ဘက်ဆိုလို့ရှိရင်လည်းပဲ စစ်ကိုင်းတံတားဟောင်းကစပြီး တကောင်းရပ်ကွက်၊ ထုံးဘိုရပ်ကွက်အထိ တာရိုးဖို့ထားပြီးတော့မှ မြို့အနောက်ဘက်မှာဆိုလို့ရှိရင်လည်းပဲ ဘော်ကာရပ်ကွက်၊ ငါးထပ်ကြီးဘုရားအထိ တာရိုးဖို့ထား ပါတယ်။ အဲဒီလို မြို့ရဲ့ သုံးဘက်သုံးတန်တာရိုးအတွင်းမှာရှိကြတဲ့ ရပ်ကွက်များဖြစ်တဲ့ ထုံးဘိုရပ်ကွက်၊ စိန်ကုန်းရပ်ကွက်၊ တကောင်းရပ်ကွက်၊ မင်းလမ်းရပ်ကွက်၊ ပန်ဘဲတန်းရပ်ကွက်၊ ပိုးထန်း၊ မိုးဇာ၊ နန္ဒဝံ၊ ဘော်ဂါ၊ အုတ်ဖိုကျင်းနှင့် ၁၀ ရပ်ကွက်မှာ မိုးတွင်းရာသီရောက်လို့ရှိရင် မိုးရေများမထွက် နိုင်ဘဲနဲ့ မိုးရေနစ်တဲ့ဒုက္ခတွေရောက်ကြရပြီး စက်များနဲ့ ဧရာဝတီမြစ်ထဲကို ငွေကုန်ကြေးကျခံပြီးတော့မှ ပြန်လည်ထုတ်ပစ်ရတဲ့ ဒုက္ခဟာ နှစ်စဉ်ရောက်လျက်ရှိပါတယ်။ မိုးတွင်းမိုးရေနစ်လို့ရှိရင် မြို့သူ

မြို့သားများက ကျန်းမာရေးကိုလည်းပဲ စိုးရိမ်ကြရပါတယ်။ မြို့တော်ကစွန့်ပစ်တဲ့ ညစ်ညမ်းရေများမှာလည်းပဲ ရေဆိုးထုတ်စနစ်မရှိခြင်း၊ ရေမြောင်းများမရှိခြင်းတို့ကြောင့် ဒုက္ခရောက်ကြရပါတယ်။ ရှေးယခင်က ထုံးဘို၊ ရေဝန်းရပ်ကွက်ကအစပြုပြီးတော့မှ ဧရာဝတီမြစ်ကနေပြီး စစ်ကိုင်းမြို့အား အရှေ့အနောက်ဖြတ်ပြီး စစ်ကိုင်းလေးကျွန်းမြေရပ်ကွက်၊ (၉)ပေတံတား၊ အိုးတန်းလေးရပ်ကွက်၊ မိုးဇာဈေးရပ်ကွက်တို့ကိုဖြတ်ပြီး ဘော်ဂါချောင်းထဲကို စီးဝင်ခဲ့တယ်။ ပြောရမယ်ဆိုရင် ကျွန်တော်တို့ သမိုင်းထဲမှာဆိုလို့ရှိရင် တကောင်းကမျောလာတဲ့ စူဠသမ္ဘဝ၊ မဟာသမ္ဘဝတို့မျောခဲ့တဲ့ သမိုင်းဝင်ချောင်းကြီးဖြစ်တဲ့ စကြ်န်ချောင်းကြီးဟာလည်းပဲ အိမ်တွေဆောက်၊ မြေတွေဖို့ပြီးတော့ ဟိုတယ်တွေ၊ တိုက်တွေဆောက်ကြတဲ့အတွက် ပျောက်ကွယ်လုနီးပါးဖြစ်နေပါပြီ။ မင်းလရပ်ကွက်၊ အုတ်ဖိုကျင်းရပ်ကွက်၊ ဘော်ကာရပ်ကွက်၊ ပိုးတန်းရပ်ကွက်များမှာ ရှေးယခင်က မိုးရွာရင် စီးဝင်တဲ့ချိုင့်ကြီးတွေရှိခဲ့သော်လည်းပဲ ယခုမြေဖို့ပြီးတော့ ဂရန်ဖောက်၊ အိမ်တွေဆောက်ကြတဲ့အတွက်ကြောင့် တိမ်ကောသွားပြီဖြစ်ပါတယ်။ ယခု တင်ပြခဲ့တဲ့ စစ်ကိုင်းမြို့အတွင်းရှိ ၁၀ ရပ်ကွက်ရဲ့ မိုးတွင်းရေနစ်တဲ့ပြဿနာနဲ့ မြို့ရဲ့ရေဆိုးထုတ်စနစ် ရေကြီးရေလာကောင်းစေရန်အတွက်ဆောင်ရွက်ရန် လိုအပ်နေတဲ့အတွက် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ မိုးတွင်းမိုးရာသီ ရောက်ပြီးတော့မှ မိုးရွာရင် မိုးရေနှစ်စဉ် စစ်ကိုင်းမြို့အတွင်းရှိ ရပ်ကွက် ၁၀ ရက်ကွက်အား မိုးရေနစ်ခြင်းမှ ကင်းဝေးစေရန်နှင့် မြို့၏ ရေဆိုးထုတ်စနစ်ရေစီးရေလာကောင်းစေရန် ကျွမ်းကျင်ပညာရှင်များမှ Master Plan ရေးဆွဲ၍ နိုင်ငံတော်အဆင့်မှ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုပါကြောင်း ဆောင်ရွက် ပေးနိုင်မည်ဆိုလျှင် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းကို သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါသည်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)။** ။ ဆက်လက်၍ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်း၏ မေးခွန်းနှင့်ပတ်သက်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ကိုယ်စား လေးစားစွာ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဒုတိယဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။ စစ်ကိုင်းမြို့ ပေါ်မှာ ရပ်ကွက် ၁၈ ခုရှိသည့်အနက် တကောင်း၊ မင်းလမ်း၊ ပိုးတန်း၊ စိန်ကုန်း၊ ရွှေမင်းဝံနှင့်ထုံးဘို

ရပ်ကွက်တို့မှာ မိုးရာသီ၌ မိုးသည်းထန်စွာရွာသွန်းပါက ရပ်ကွက်၏အနိမ့်ပိုင်းများတွင် ရေကြီးနစ်မြုပ်လေ့ရှိပါတယ်။ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရန် မြို့၏ရေဆိုးထုတ်စနစ် ရေစီးရေလာကောင်းမွန်ရေးစီမံချက်အား ရေးဆွဲဆောင်ရွက်ပြီးဖြစ်ပါတယ်။ ရေကြီးနစ်မြုပ်ခဲ့သော ရပ်ကွက်များအား ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြသွားမှာ ဖြစ်ပါတယ်။ တကောင်းရပ်ကွက်တွင် ရေကြီးနစ်မြုပ်လေ့ရှိသည့် ရပ်ကွက်မီးသတ်ရုံးအနီးတွင် Mini Back Hoe ဖြင့် မြေသားမြောင်းအရှည် ၁၇၅၂ ပေနှင့် ၁ ပေ ၆ လက်မရေပွွန် အရှည် ၃၅ ပေအား ကုန်ကျငွေကျပ် ၈.၁၅ သိန်းဖြင့်လည်ကောင်း၊ ရပ်ကွက်အတွင်းလမ်း မြေသားမြောင်း ၈၇၀ ပေ x ၃ ပေ x ၄ ပေအား ကုန်ကျငွေကျပ် ၃.၂ သိန်းဖြင့်လည်းကောင်း၊ (၉)ပေတံတားအဝင်မှ စကြံ့န်ချောင်းတစ်လျှောက် ရေမြောင်းတူးခြင်း ၈၈၂ ပေx ၂ ပေx ၂ ပေအား ကုန်ကျငွေကျပ် ၃.၂ သိန်းဖြင့်လည်းကောင်း ဆောင်ရွက်ပြီးဖြစ်ပါတယ်။

မင်းလမ်းရပ်ကွက်တွင် မိုးရွာသွန်းမှုများပါက ရေအများစုဝပ်သောနေရာဖြစ်သည့် လမ်းဘေးဝဲ/ယာ ၂၅၇၀ ပေ x၂ ပေ x၂ ပေအား မြေသားမြောင်းတူးဖော်ဆောင်ရွက်ခဲ့ပြီး ကုန်ကျငွေမှာ ၃၀.၈၄ သိန်းဖြစ်ပါတယ်။ ရပ်ကွက်တစ်လျှောက်ရေမြောင်းတူးဖော်ဆောင်ရွက်ခဲ့ပြီး ရေဆိုးများအား ကမ်းနားလမ်းအောက်မှ Pusher ဖြင့်ထိုး၍ ၆ လက်မ PVC ပိုက်နှစ်လုံးမှတစ်ဆင့် ဧရာဝတီမြစ်အတွင်းသို့ Gravity Flow ဖြင့် စီးဆင်းအောင် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ မြေသားမြောင်းမှ ကျောက်စီရေမြောင်း ၅၂၀ ပေ x ၂ ပေ x၂ ပေအား ဆောင်ရွက်ပြီးဖြစ်၍ ကျန် ၄၃၀ ပေx ၂ ပေx ၂ ပေအား ဆက်လက်ဆောင်ရွက်လျက်ရှိရာ ကုန်ကျငွေကျပ် ၁၁၁.၆ သိန်းဖြစ်ပါတယ်။ ပိုးတန်းရပ်ကွက်မှ ရေနစ်မြုပ်သည့်အပိုင်းဖြစ်သည့် တာရိုးကြီးလမ်း၏ အရှေ့ဘက်တွင်ရေဆိုးများအား မော်တာ၊ ပန့်များတပ်ဆင်၍ လေးလက်မ PVC ပိုက်များဖြင့် လမ်းပေါ်မှဖြတ်၍ သွယ်တန်းကာ ဧရာဝတီမြစ်အတွင်းသို့စွန့်ထုတ်ပါတယ်။ ပိုက်များအားလမ်းပေါ်မှ သွယ်တန်းရသဖြင့် အများပြည်သူသွားလာရေးကို အနှောင့်အယှက်ဖြစ်စေ၍ လမ်းဖြတ်သုံးနေရာအား Pusher ဖြင့်ထိုး၍ ခြောက်လက်မပိုက်များဖြင့် တပ်ဆင်၍ ရေဆိုးထုတ်စွန့်ပစ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

စိန်ကုန်းရပ်ကွက်တွင် ရေစီးရေလာကောင်းမွန်ရေးအတွက် မြေသားမြောင်း ၄၈၁၆ ပေအား ကုန်ကျငွေကျပ် ၂၀.၆ သိန်းဖြင့် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ အုတ်စီရေမြောင်း ၂၇၀၀ ပေ x ၁ ပေ ၆ လက်မ x ၂ ပေ ၃ လက်မအား ကုန်ကျငွေကျပ် ၂၆၄.၃၇ သိန်းဖြင့် ဆောင်ရွက်ပြီးဖြစ်ပါတယ်။

**မူကြမ်း**

လမ်းဖြတ်နေရာများတွင် Box Culvert နှစ်ခုကို ကုန်ကျငွေကျပ် ၄၈ သိန်းဖြင့် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ထုံးဘိုရပ်ကွက်တွင် ရေစီးရေလာကောင်းမွန်ရေးအတွက် မြေသားမြောင်း ၁၆၀၀ ပေအား ကုန်ကျငွေကျပ် ၃.၂ သိန်းဖြင့် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ အုတ်စီရေမြောင်းအဖြစ် အဆင့်မြှင့်တင်ခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ရွှေမင်းဝံရပ်ကွက်တွင် မိုးရွာသွန်းသည့် အချိန်များ၌ တောင်ကျရေအများဆုံးတိုက်စားသည့် ရွှေမင်းဝံလမ်းမကြီးရေရှည်တည်တံ့စေရေးအတွက် လမ်းဘေးဝဲ/ယာ မြေသားမြောင်း ၁၂၀၀ ပေတူးဖော်ဆောင်ရွက်ခြင်း၊ ကြားလမ်း ၈၀၀ ပေနှင့် ၅၀၀ ပေအားတူးဖော်ခြင်းများ ဆောင်ရွက်ပြီးဖြစ်ပါတယ်။

စစ်ကိုင်းမြို့အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးကော်မတီအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေကျပ် ၆၀၇.၄ သိန်းဖြင့် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရေစီးရေလာကောင်းမွန်ရေးနှင့် မိုးရေနစ်ခြင်းမှ ကာကွယ်နိုင်ရန်အတွက် ရန်ပုံငွေကျပ် ၂၅၇.၆ သိန်းလျာထားပြီးဖြစ်ပါတယ်။ ဆက်လက်ဆောင်ရွက်မည့်အုတ်စီရေမြောင်းနှင့်ရေမြောင်းအဖုံးပြုလုပ်ခြင်းလုပ်ငန်း ၁၄၇၄၉ ပေအတွက် ခန့်မှန်းကုန်ကျမည့် ရန်ပုံငွေမှာ ကျပ် ၁၉၈၆.၃ သိန်းဖြစ်သဖြင့် လိုအပ်သော်လုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ထည့်သွင်းရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ပြည့်ပြည့်စုံစုံ ဖြေကြားပေးတဲ့ ပြည်ထောင်စုဝန်ကြီးဌာန ဒုတိယဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ မေးခွန်းမေးတဲ့ပုဂ္ဂိုလ်များ တစ်ယောက်ကလည်း ရေမရလို့၊ ရေလိုတယ်။ တစ်ဖက်ကျတော့လည်း ရေများလို့ ရေဆိုးတွေနဲ့ ပြန်ပြီးသွန်ရတဲ့ဘဝရောက်တယ်။ လိုတဲ့နေရာမှာတော့မရတော့။ မလိုတဲ့နေရာမှာပိုနေတာလေးတွေလည်း ဒါမျိုးတွေလည်းရှိတတ်ပါတယ်။ ဘယ်လိုပဲဖြစ်ပါစေ။ ကျွန်တော်သာခုခေါ်ပါတယ်။ တစ်ကယ်လိုအပ်နေတဲ့နေရာမှာလည်းပဲ ဖြည့်ဆည်းပေးမယ်လို့ပြောတဲ့အတွက် ရေအကျိုးလည်း မတောင်းဘဲနဲ့ ပြည့်ပါတယ်။ ကျွန်တော် သာခုခေါ်ပါတယ်။ အများကိုယ်စားပါပဲ။ တစ်ဖက်ကလည်းပဲ မလိုတာတွေလည်းပဲ ဒီလိုမျိုး စီစဉ်ဆောင်ရွက်ပေးမယ်လို့ ကြားတဲ့အတွက်လည်း ကျွန်တော်ကျေးဇူးတင်ပါတယ်။ မြို့ခံလူများရဲ့ ကိုယ်စားပါပဲ။

**သံဖြူဇရပ်မြို့နယ် ထင်းရှူးကျေးရွာချောင်းဖျားတိမ်ကောသွားပြီး လယ်ယာမြေ ဧကပေါင်း ၄၀၀ ကျော် လုပ်ကိုင်၍မရပါသဖြင့် လင်းမသာရွာနှင့် စွပ်ပလောင်ရွာကြား ချောင်းဖျားအား ပြန်လည်တူးဖော်ပေး ရန် အစီအစဥ်ရှိ/မရှိနှင့် စပ်လျဥ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းအောင်(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ နှင့် ဧည့်သည်တော်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန် ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကွတ်လေကျေးရွာအုပ်စု၊ စွပ်ပလောင်ကျေးရွာ၊ လင်းမသာကျေးရွာကြား လယ်ယာ မြေဧက ၄၀၀ ကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန် ထင်းရှူးကျေးရွာချောင်းဖျားအား ပြန်လည်တူးဖော် ပေးနိုင်ခြင်းရှိ/မရှိနဲ့ စပ်လျဥ်းတဲ့မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ သံဖြူဇရပ်မြို့နယ်အတွင်းမှာရှိတဲ့ ကွတ်လေကျေးရွာ၊ စွပ်ပလောင်ကျေးရွာ၊ လင်းမသာကျေးရွာအုပ်စုရှိ လယ်ယာမြေဧက ၄၀၀ ကျော်ဟာ ရေကြီးနစ်မြုပ်မှုကို နှစ်စဥ်ကြုံတွေ့ နေရပါတယ်။ မြစ်အတွင်းကိုစီးဝင်နေတဲ့ ထင်းရှူးကျေးရွာချောင်းဖျားဟာ တိမ်ကောနေပါတယ်။ ဒါကြောင့် ရေနုတ်အားနည်းတဲ့အတွက် ရေစီးဆင်းမှုဟာလည်း နှေးကွေးပြီးတော့ နှစ်စဥ်ရေကြီး ရေလျှံမှု ဖြစ်ပေါ်နေရခြင်းဖြစ်ပါတယ်။ လယ်သမားအချို့ကလည်း စပါးစိုက်ပျိုးမှုကို စိတ်ဝင်စားမှု လျော့နည်းလာတယ်။ အားတက်သရောမလုပ်လိုတော့ လယ်ယာလုပ်ငန်းများမှာ အားကောင်းမောင်း သန်လုပ်နိုင်သော ကျေးလက်မှလူငယ်လူရွယ်အများအပြားက မြန်မာ့လယ်ယာမှ လုပ်ကိုင်ရမယ့်ငွေ ထက်ပိုမိုရရှိသော အိမ်နီးချင်းနိုင်ငံများမှာ ရွှေ့ပြောင်းလုပ်သားဘဝနဲ့ ဒုက္ခတွေခံစားလုပ်ကိုင်ရတဲ့ ဘက်သို့ ကူးပြောင်းသွားကြတာလည်း လယ်ယာကဏ္ဍမဖွံ့ဖြိုးမှုရဲ့ အဓိကအကြောင်းတရားတွေပါ။ ၎င်းကျေးရွာအုပ်စုမှာရှိတဲ့ လယ်ယာမြေဧက ၄၀၀ ကျော်ဟာလည်း နှစ်စဥ် ရေကြီးနစ်မြုပ်မှုကို ကြုံတွေ့ရတဲ့အတွက် ဒီအချက်အလက်ကို အထိုက်အလျောက် ကာကွယ်ပေးနိုင်ဖို့၊ ပျက်စီးဆုံးရှုံးမှု တွေက ကာကွယ်ပေးနိုင်ဖို့အတွက် ထင်းရှူးကျေးရွာချောင်းဖျားကို ပြန်လည်တူးဖော်ပေးနိုင်ခြင်းရှိ/မရှိ

ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် တောင်သူလယ်သမားများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ** ။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ ဆက်လက်၍ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းအောင်၏မေးခွန်းနှင့်ပတ်သက်ပြီး မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား လေးစားစွာဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဒုတိယဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဧပြီလ၊ မေလနှင့် ဇွန်လများတွင် တောင်ပုလုဖြတ်ဖောက်ချောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းအတွက် ရန်ပုံငွေကျပ် ၄.၄ သန်းနှင့် အံခဲလယ်သမားတာပြင်ဆင်ခြင်းလုပ်ငန်းအတွက် ရန်ပုံငွေကျပ် ၁၄.၅ သန်းတို့ကို လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ပွင့်လင်းရာသီတွင် သံဖြူဇရပ်မြို့နယ်ရှိ တောင်ပုလုတူးမြောင်းနှင့် ရေငန်နုန်းတားရေတံခါး တည်ဆောက်ခြင်းလုပ်ငန်းအတွက် ရန်ပုံငွေကျပ် ၁၈၆.၅ သန်း၊ ကျိုက္ခမိဝက်သိုးချောင်း ရေငန်နုန်းတားရေတံခါးတည်ဆောက်ခြင်းလုပ်ငန်းအတွက် ရန်ပုံငွေကျပ် ၉၉.၁ သန်း၊ မြမာလာလယ်သမားတာနှင့် ရေထုတ်ပေါက်တည်ဆောက်ခြင်းလုပ်ငန်းအတွက် ရန်ပုံငွေကျပ် ၆၃.၅ သန်း၊ ပင‌ရေငန်တားတမံအခိုင်အမာပြင်ဆင်ခြင်းနှင့် ရေထုတ်ရေတံခါးတည်ဆောက်ခြင်းလုပ်ငန်းအတွက် ရန်ပုံငွေကျပ် ၂၉၀.၉ သန်းတို့ကို ပြည်နယ်အစိုးရအဖွဲ့ဘဏ္ဍာရန်ပုံငွေဖြင့် ဆည်မြောင်းဦးစီးဌာနမှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သံဖြူဇရပ်မြို့နယ်၊ လင်းမသာရွာနှင့် စွပ်ပလောင်ရွာကြား ချောင်းဖျား ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေတွင် လျာထားတင်ပြထားခြင်းမရှိပါသဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဂန့်ဂေါမြို့နယ်ရှိ တောင်ခင်ရန်းကျေးရွာနှင့် ဟံသာဝတီကျေးရွာတို့ရှိ အထက်တန်းကျောင်းခွဲများအား အခြေခံပညာအထက်တန်းကျောင်းအဖြစ်လည်းကောင်း၊ လာဘိုကျေးရွာ၊ မောက်လင်းကျေးရွာနှင့် နှမ်းခါးကျေးရွာတို့ရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲများအား အခြေခံပညာအလယ်တန်းကျောင်း အဖြစ်လည်းကောင်း၊ ဘော်ပြင်းကျေးရွာရှိ မူလတန်းလွန်ကျောင်းအား အလယ်တန်းကျောင်းခွဲအဖြစ် လည်းကောင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်မြင့်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဂါရဝ ပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပညာရေးဝန်ကြီးဌာနနဲ့ စပ်လျဉ်းလို့ မေးမြန်းသွားမှာဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှာ ကျင်းပခဲ့တဲ့ (၁၁)ကြိမ်မြောက် ပြည်သူ့လွှတ်တော်အစည်းအဝေးမှာတင်ပြခဲ့တဲ့ မေးခွန်းလည်းဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဂန့်ဂေါမြို့နယ် တောင်ခင်ရန်းကျေးရွာမှာ အခြေခံပညာအထက်တန်းကျောင်းခွဲအဖြစ် ဖွင့်လှစ်ခဲ့တာဟာ နှစ်ပေါင်း ၁၇ နှစ်ခန့် ကြာမြင့်နေပြီဖြစ် ပါတယ်။ တက္ကသိုလ်ဝင်တန်းစာစစ်ဌာနလည်း ရှိပြီးဖြစ်တဲ့ ကျေးရွာအုပ်စုကြီးတစ်ရွာဖြစ်ပါတယ်။ အနီး ပတ်ဝန်းကျင်ကျေးရွာများမှ ကျောင်းသူကျောင်းသားများ အားကိုးအားထားပြုနေကြရတဲ့ ကျောင်း လည်းဖြစ်ပါတယ်။ ဒေသခံပြည်သူများကလည်း အစိုးရအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်လို ကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် နယ်မြေကွင်းဆင်းစဉ် တင်ပြချက်များအရ သိရှိခဲ့ရ ပါတယ်။ အလားတူ ဂန့်ဂေါမြို့နယ် ဟံသာဝတီကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲကို လည်း အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးစေလိုကြောင်း ဒေသခံပြည်သူများ ၏ဆန္ဒများကို ကြားသိခဲ့ရပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဂန့်ဂေါမြို့နယ်ရှိ လာဘိုကျေးရွာ၊ မောက်လင်းကျေးရွာနှင့် နှမ်းခါးကျေးရွာတို့ရှိ အလယ်တန်း ကျောင်းခွဲများကိုလည်း အခြေခံပညာအလယ်တန်းကျောင်းများအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရရှိ လိုကြကြောင်း၊ အလားတူ ဘော်ပြင်းကျေးရွာရှိ မူလတန်းလွန်ကျောင်းအား အလယ်တန်းကျောင်းခွဲ

အဖြစ် အဆင့်တိုးမြှင့်ခွင့်ရရှိလိုကြကြောင်း ဒေသခံပြည်သူများ၏ဆန္ဒများကို နယ်မြေကွင်းဆင်းစဉ်က တင်ပြချက်များအရ သိရှိခဲ့ရပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းလိုတာကတော့ ဂန့်ဂေါမြို့နယ်ရှိ တောင်ခင်ရန်းကျေးရွာနှင့် ဟံသာဝတီကျေးရွာတို့ရှိ အထက်တန်းကျောင်းခွဲများအား အခြေခံပညာအထက်တန်းကျောင်းအဖြစ်လည်းကောင်း၊ လာဘို့ကျေးရွာ၊ မောက်လင်းကျေးရွာနှင့် နှမ်းခါးကျေးရွာတို့ရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲများကို အခြေခံပညာအလယ်တန်းကျောင်းများအဖြစ်လည်းကောင်း၊ ဘော်ပြင်းကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်းခွဲအဖြစ်လည်းကောင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)** ။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော်ဦးသန့်ရှင်းက မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်ရဲ့ မေးခွန်းနဲ့ပတ်သက်၍ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးနှင့်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဂန့်ဂေါမြို့နယ်၊ ဟံသာဝတီအခြေခံပညာအထက်တန်းကျောင်းခွဲတွင် စုစုပေါင်းအထက်တန်းအဆင့်သင် ကျောင်းသား ၁၄၀ ဦး၊ လာဘို့အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် စုစုပေါင်းအလယ်တန်းအဆင့်သင်ကျောင်းသား ၂၂၆ ဦး၊ မောက်လင်းအခြေခံပညာအလယ်တန်းကျောင်းခွဲတွင် စုစုပေါင်းအလယ်တန်းအဆင့်သင်ကျောင်းသား ၁၁၆ ဦး၊ ဘော်ပြင်းအခြေခံမူလတန်းလွန်ကျောင်းတွင် စုစုပေါင်းအလယ်တန်းအဆင့်သင်ကျောင်းသား ၈၂ ဦး ရှိပါတယ်။ မူလတန်းအဆင့်တွင် မူလတန်းအဆင့်သင်ကျောင်းသား ၅၅ ဦး၊ အလယ်တန်းအဆင့်တွင် အလယ်တန်းအဆင့်သင်ကျောင်းသား ၂၄၀ ဦး၊ အထက်တန်းအဆင့်တွင် အထက်တန်းအဆင့်သင်ကျောင်းသား ၂၀၀ ဦး ရှိရမှာဖြစ်လို့ သက်ဆိုင်ရာကျောင်းအဆင့် အသီးသီးသို့ တိုးမြှင့်ပေးရန်အတွက် သတ်မှတ်မူဘောင်နှင့် ကိုက်ညီမှုမရှိ

ပါသဖြင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ပေးနိုင်ခြင်းမရှိပါ။ နှမ်းခါးအခြေခံပညာအလယ်တန်းကျောင်းခွဲတွင် စုစုပေါင်းအလယ်တန်းအဆင့်သင် ကျောင်းသား ၂၈၉ ဦးရှိသည့်အတွက် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွင်း အဆင့်တိုးမြှင့်ပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် တောင်ခင်ရန်းအခြေခံပညာအထက်တန်းကျောင်းခွဲအား အခြေခံပညာအထက်တန်းကျောင်းအဖြစ် ၃၁-၅-၂၀၁၅ ရက်နေ့တွင် အဆင့်တိုးမြှင့်ပေးပြီးဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**လွိုင်လင်မြို့နယ်၊ ပင်လုံအရှေ့ကျေးရွာအုပ်စု၊ ကျူရုံးရွာရှိ အခြေခံပညာမူလတန်းကျောင်း အဆောက်အအုံအသစ်အား မည်သည့်အချိန်တွင်ဆောက်လုပ်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လွိုင်လင်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံးကို ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနဲ့ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ ဖြစ်ပါတယ်။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်းမှာ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်မြို့နယ် ပင်လုံအရှေ့ကျေးရွာအုပ်စု ကျူရုံးရွာဘုန်းတော်ကြီးကျောင်းမှာ ကျူရုံးရွာမှ ရပ်မိရပ်ဖများကို တွေ့ဆုံခဲ့ပါတယ်။ ပင်လုံအရှေ့ကျေးရွာအုပ်စု ကျူရုံးရွာသို့ ဒေသဖွံ့ဖြိုးရေးကိစ္စများနဲ့ ပြည်ထောင်စုလွှတ်တော်ရဲ့ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့ပါတယ်ခင်ဗျား။ မိဘပြည်သူများမှ ကျေးရွာရဲ့လိုအပ်ချက်ကို တင်ပြရာမှာ ကျူရုံးရွာရှိ အမကကျောင်းရဲ့အဆောက်အအုံဟာ အကာအရံများ၊ အခင်းများကောင်းမွန်မှုမရှိဘဲ အလျင်အမြန်ပြုပြင်ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြလာကြပါတယ်။ သို့ဖြစ်ပါ၍ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ် ပင်လုံအရှေ့ကျေးရွာအုပ်စု ကျူရုံးရွာအမကကျောင်း အဆောက်အအုံအသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သက်ဆိုင်ရာဌာနအား မေးမြန်းအပ်ပါတယ်။ သိလိုပါတယ်။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောက်ရွက်ပေးမည်။ အစီအစဉ်မရှိပါက အဘယ်

ကြောင့်ဖြစ်သည်ကို သိရှိလိုပါကြောင်း လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဒုတိယဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီရဲ့ မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော်မှ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ လွိုင်လင်မြို့နယ်တွင် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြို့နယ်ဦးစားပေးအစီအစဉ် ကျောင်းအလိုက် တန်းစီဇယားအရ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်တွင် စုစုပေါင်း အခြေခံပညာကျောင်း ၁၄ ကျောင်းအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်းရန်ပုံငွေခေါင်းစဉ်အောက်မှ ငွေကျပ် ၄၆၄.၄၀၀ သန်းကို ခွဲဝေပေးပြီးဖြစ်ပါသဖြင့် ယခုကိုယ်စားလှယ်တင်ပြသော ကျူရုံးရွာအခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရွှေပန်တော်ဦးကုမ္ပဏီမှ တင်ဒါရယူဆောက်လုပ်ခဲ့သည့် ရေစကြိုမြို့နယ်ရှိ ငတရော်ကျေးရွာအလယ်တန်းကျောင်းခွဲမှ ကျောင်းဆောင်နှင့် ဝါယာကျေးရွာ မူလတန်းကျောင်းတို့ကို တင်ဒါပါစာချုပ်များနှင့် သတ်မှတ်စံချိန်စံညွှန်းမကိုက်ညီမှုတို့အား မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ရေစကြိုမဲဆန္ဒနယ်မှ ဦးတင်ဌေးအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ဌေးအောင်(ရေစကြိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပုဂ္ဂိုလ်ကြီးများအားလုံးကို မင်္ဂလာပါလို့ လေးစားစွာနှုတ်ခွန်းဆက်သဂါရဝပြုပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပညာရေးဝန်ကြီးဌာနရဲ့ ဆောက်လုပ်ရေးဆိုင်ရာစီမံကိန်းများနှင့်ပတ်သက်ပြီး မေးမြန်းမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အနယ်နယ်အရပ်ရပ်မှ ကိုယ်စားလှယ်တော်ကြီးများက ဒေသရဲ့အရေးကြီးလိုအပ်ချက်

များအရ ကျောင်းဆောင်ပြင်ဖို့၊ အသစ်ဆောက်လုပ်ပေးဖို့ကိစ္စများကို မကြာခဏမေးမြန်းဆွေးနွေး နေခဲ့ကြပါတယ်။ ဆိုင်ရာဝန်ကြီးများက အခြေအနေအရပ်ရပ်ကြောင့် ယခုနှစ်ဘတ်ဂျက်၊ လာမည့်နှစ် ဘတ်ဂျက်များမှာ ထည့်သွင်းဆောင်ရွက်ပေးရန်အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားနေကြတာ ကိုလည်း တွေ့မြင်နေရပါတယ်။ ဒီအစီအစဉ်မရှိသေးပါကြောင်းဆိုတဲ့ စကားလုံးလေးများသာ ထုထည် တစ်ခုစီအနေနဲ့ နေရာယူနိုင်ကြမယ်ဆိုရင် ကျွန်တော်တို့ လွှတ်တော်ခန်းမကြီးထဲမှာ ပြည့်ကြပ်နေကြ မလားတောင် အောက်မေ့မိပါတယ်။ ဒါကလည်း ပြင်စပြောင်းစကာလ မလှပတဲ့ နိုင်ငံတော် ဘတ်ဂျက် အနေအထားအရ အခက်အခဲတွေရှိနေမယ်လို့ နားလည်မိပါတယ်။ ဒါပေမယ့် ဒီအခက်အခဲတွေ ကြားထဲကပင် ပြည်သူတွေရဲ့ မရှိမဖြစ်လိုအပ်ချက်တွေမို့ မဖြစ်မနေ စီမံချထားပေးနေရတဲ့ ဘဏ္ဍာငွေ တွေကို အလေအလွင့်မရှိဘဲ မှန်မှန်ကန်ကန်ထိထိရောက်ရောက် ဆောင်ရွက်ပေးဖို့ အားလုံးမှာ တာဝန်ရှိတယ်လို့ ခံယူထားပါတယ်။ လက်ရှိအနေအထားမှာတော့ လျာထားချမှတ်ပေးတဲ့ စံချိန် စံညွှန်းများနဲ့ မမှန်မကန်မပြည့်မမီဆောင်ရွက်နေကြကြောင်း တွေ့မြင်ကြားသိနေကြရပါတယ်။ ဒါတွေကို အချိန်မီမထိန်းသိမ်းမပြုပြင်နိုင်ကြဘူးဆိုရင်ဖြင့် နှစ် ၄၀၊ နှစ် ၅၀ ခိုင်ခန့်တဲ့ အဆောက် အဦတွေ နှစ်အနည်းငယ်နဲ့ပျက်စီးသွားပြီး ကွက်လပ်ဖြည့်ခြင်းသံသရာထဲက ရုန်းထွက်နိုင်ကြမယ် မထင်ပါဘူး။ ကျွန်တော်တို့မြို့နယ်မှာ ပြည့်လျှံမိုးကုမ္ပဏီကတင်ဒါယူဆောက်လုပ်ခဲ့တဲ့ မြေတောင် အ.ထ.ကမှာရှိတဲ့ ပေ ၁၂၀ x ပေ ၃၀ ကျောင်းဆောင်ကို ချွင်းချက်ရှိလို့ အကြိမ်ကြိမ် တင်ပြတောင်းဆို ခဲ့ကြလို့ တိုင်းဒေသကြီး ပညာရေးဦးစီးဌာနက လာရောက်ပြီးတော့ စစ်ဆေးပြီး အန္တရာယ်အဆောင်လို့ သတ်မှတ်သွားပေမယ့် ယနေ့အထိ တစ်စုံတစ်ရာပြုပြင်ပြောင်းလဲနိုင်ခြင်းမရှိသေးပါဘူး။ ရွှေပန်တော် ဦးကုမ္ပဏီက တင်ဒါရယူဆောက်လုပ်ခဲ့တဲ့ မောင်မယ်တန်းကျေးရွာ၊ ဝါယာ၊ ငတရော်၊ ဆင်ခြေရာ ကျောင်းဆောင်များမှာလည်း စံချိန်စံညွှန်းများမပြည့်မီတဲ့အတွက် မြို့နယ်ပညာရေးဦးစီးဌာနသို့ အကြိမ်ကြိမ်တင်ပြထားကြသော်လည်း ပြုပြင်ဆောင်ရွက်ပေးခြင်းမရှိသေးပါဘူး။ သက်ဆိုင်ရာတာဝန် ရှိသူတွေအနေနဲ့ ပူးပေါင်းဆောင်ရွက်မှုအားနည်းနေတယ်လို့ သုံးသပ်မိပါတယ်။ အချို့ကျောင်း ဆောင်များမှာ ပြင်ဆင်ဆောက်လုပ်ပြီးသွားသည့်အထိ တစ်ခေါက်တစ်ခါမျှပင် သွားရောက်ကြည့်ရှု စိစစ်ကြီးကြပ်ပေးခဲ့ခြင်းမရှိဘဲ ရုံးကနေလက်မှတ်ထိုးပြီး လက်ခံလိုက်တာမျိုးတွေဟာ လုံးဝမဖြစ်သင့် ပါဘူး။

သို့ပါ၍ အောက်ပါမေးခွန်းတို့ကို မေးမြန်းအပ်ပါတယ်။ (၁) မြို့နယ်တာဝန်ရှိပုဂ္ဂိုလ်များဘက်မှ တာဝန်ယူမှု၊ တာဝန်ခံမှုရှိနိုင်အောင် မည်ကဲ့သို့စီမံညွှန်ကြားပေးပါမည်နည်း။ (၂) တင်ဒါရယူဆောင်

**မူကြမ်း**

ရှက်ခဲ့သော ကုမ္ပဏီများကို မည်ကဲ့သို့အရေးယူဆောင်ရွက်ပေးနိုင်ပါမည်နည်း။ (၃) တင်ဒါရ ကုမ္ပဏီ ဒေသခံကျောင်းအုပ်ကြီးများ၊ အုပ်ချုပ်ရေးမှူးများ၊ ဖွံ့ဖြိုးထောက်အဖွဲ့များ၊ မိဘဆရာအသင်းများ၊ ရပ်မိရပ်ဖ၊ တတ်ကျွမ်းသူစေတနာရှင်များတို့ဖြင့် ဆောက်လုပ်မည့် BP၊ BQ များကို ပွင့်လင်းမြင်သာစွာ ရှင်းလင်းပြ၍ စံချိန်စံညွှန်းနှင့်အညီ ပြုပြင်ပေးနိုင်ရန် မည်သို့စီမံညွှန်ကြားဆောင်ရွက်ပေးနိုင် မည်နည်းကို သိရှိ လိုပါ၍ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါသည်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားပေးရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဌေးအောင်ရဲ့ မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော်ကပဲ ရှင်းလင်းတင်ပြပေးသွားမှာဖြစ်ပါတယ်။ ရှင်းလင်းမတင်ပြမီမှာ ပြည်ထောင်စု **လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၆၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၃** နည်းဥပဒေခွဲ(ဃ)မှာပါတဲ့ ယူဆချက်တွေ၊ အသုံးအနှုန်းတွေကို အသုံးမပြုဖို့ တားမြစ်ထားတာ ရှိပါတယ်။ လူပုဂ္ဂိုလ်ကို လူပုဂ္ဂိုလ်လိုတိုက်ရိုက်ပြောပြီးတော့ ဝန်ကြီးဌာနကို ပုတ်ခတ်ခြင်းကတော့ မကောင်းဘူးလို့ တင်ပြလိုပါတယ်။ ဖြစ်စဉ်နဲ့ပတ်သက်လို့ မေးခွန်းထဲမှာ မေးထားတာကသတ်သတ်၊ ပြောသွားတာက သတ်သတ်ဖြစ်ပါတယ်။ စာနဲ့ပေးထားတဲ့မေးခွန်းကို ကျွန်တော်ကပဲ ရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ငတရော်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ဝါယာအခြေခံပညာ မူလတန်းကျောင်းတို့အား ရွှေပန်တော်ဦးကုမ္ပဏီမှဆောက်လုပ်ခဲ့ရာ တင်ဒါပါစာချုပ်များနှင့်အညီ သတ်မှတ်စံချိန်စံညွှန်းကိုက်ညီမှုမရှိခြင်းကို မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်ကြောင်း သိရှိလိုပါ၍ မေးမြန်းချက်အပေါ် အခြေခံပညာဦးစီးဌာနရဲ့စိစစ်တင်ပြချက်အရ အောက်ပါအတိုင်း ရှင်းလင်းတင်ပြ အပ်ပါတယ်။ ရေစကြိုမြို့နယ်၊ ငတရော်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲနှင့်ပတ်သက်၍ တင်ပြချက်အပေါ် မြို့နယ်စည်ပင်အင်ဂျင်နီယာ၊ မြို့နယ်ဆောက်လုပ်ရေးအင်ဂျင်နီယာ၊ ဒုတိယအထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူးများပါဝင်သော အဖွဲ့မှ

ကွင်းဆင်းစစ်ဆေးပါတယ်။ စိစစ်တွေ့ရှိချက်အရ အလကခွဲ(တေရော်)ကျောင်းဆောင်ကို ကုမ္ပဏီမှ ၂၃-၅-၂၀၁၄ ရက်နေ့တွင် ပညာရေးဌာနသို့လွှဲပြောင်းပေးခဲ့ပြီး ထိုသို့လွှဲပြောင်းစဉ်က ကျောင်းဆောင်မှာ အရည်အသွေးစံချိန်စံညွှန်းပြည့်မီသောအဆောက်အအုံဖြစ်ပါကြောင်း၊ တည်ဆောက်ရေးကော်မတီသို့တင်ပြခဲ့ပြီး အတည်ပြုချက်ရရှိပြီးသော အဆောက်အဦဖြစ်ကြောင်း၊ တည်ဆောက်ရေးကော်မတီ၏ အတည်ပြုချက်ရ တိုင်းစာရင်းစစ်မှ စစ်ဆေးခဲ့ပြီး ကန့်ကွက်မှုမရှိကြောင်း ပြန်ကြားခဲ့ပြီးဖြစ်ပါကြောင်း၊ အမိုးစောင်းခြင်းဆိုသည်မှာ ကုမ္ပဏီ၏တွက်ချက်မှုတွင်မပါဝင်သော်လည်း အပိုဆောင်းပြုလုပ်ပေးခဲ့သော ရေတလျှောက်ချိတ်များပြုတ်ခြင်း၊ ညီညာမှုမရှိခြင်းတို့ကြောင့် မျက်မြင်အရ အမိုးစောင်းသည်ဟုထင်မြင်ခြင်းဖြစ်ပါကြောင်း။ တေရော်ကျောင်းနှင့်ပတ်သက်၍ မြို့နယ်အရည်သွေးစစ်ဆေးရေးအဖွဲ့၏ ပြုပြင်ပေးရန်လိုအပ်သောအချက်များကို ၁၆-၃-၂၀၁၅ ရက်နေ့တွင် ပြုပြင်ပေးရန် သွားရောက်ခဲ့သော်လည်း ရွာသူရွာသားများက ကုမ္ပဏီ၏ပြုပြင်ပေးခြင်းကို လက်မခံခဲ့သဖြင့် ပြန်လာခဲ့ရသည်ဟု ကုမ္ပဏီမှတင်ပြပါကြောင်း ၁၇-၃-၂၀၁၅ ရက်နေ့တွင် ဒုတိယအကြိမ် ပြုပြင်ရန်သွားရောက်ခဲ့သော်လည်း ရွာသူရွာသားများက မပြုရန်ကိုသာ ထပ်မံပြောကြားခဲ့သဖြင့် ပြန်လာခဲ့ရပါကြောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ချထားပေးသော ငွေ ၃၂၄ သိန်းကိုသာ ပြန်လည်တောင်းခံနေသည်ဟု ကုမ္ပဏီမှ တင်ပြပါကြောင်း။

သို့ပါ၍ ကုမ္ပဏီမှ ပြုပြင်ဆောင်ရွက်သွားရန် အကြောင်းကြားထားသောကိစ္စအား ကုမ္ပဏီမှ လိုက်နာဆောင်ခဲ့သည်ကို စိစစ်တွေ့ရှိရပါကြောင်းနှင့် ကျောင်းဆောင်ပြင်ဆင်ရမည့် လုပ်ငန်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ညှိနှိုင်းဆောင်ရွက်သွားရန် အကြောင်းကြားဆောင်ရွက်ထားရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ဝါယာကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်နှင့်ပတ်သက်၍ စိစစ်ဆောင်ရွက်ခဲ့ရာ ကျောင်းဆောင်မှာ ပြင်ဆင်ခွင့်တင်ပြစဉ်က အုတ်ခုံသစ်ပြုလုပ်ခြင်း၊ တိုင်ထူအမိုးမိုးခြင်း၊ (၃)ပေအမြင့်အုတ်ကာခြင်းလုပ်ငန်းများသာပါရှိ၍ ရန်ပုံငွေ ၁၅၀ သိန်းတောင်းခံခဲ့ပြီး ပြင်ဆင်စရိတ်ဖြင့် ခွဲဝေချထားပေးခဲ့ပါကြောင်း၊ ကုမ္ပဏီအနေဖြင့် ပြင်ဆင်ရမည့် အဆောက်အဦအဟောင်းသည် ချင်းတွင်းမြစ်ကမ်းပါးနှင့် ၁၀ ပေခန့်အကွာတွင် တည်ရှိပြီး နောင်တစ်ချိန် ကမ်းပါးပြိုမှုအန္တရာယ်မှ ရှောင်ရှားနိုင်ရေးအတွက် ယခင်ကျောင်းဆောင်ဟောင်းအား ဖျက်သိမ်းပြီး ကမ်းပါးနှင့် ၄၂၅ ပေအကွာသို့ ပြောင်းရွှေ့၍ ကျောင်းဆောင်အဟောင်းမှ ငါးလက်မပတ်လည် ၂၉ တိုင်ကိုသာ ပြန်လည်အသုံးပြုနိုင်ခဲ့ပြီး ကျန်အဆောက်အဦအစိတ်အပိုင်းများအား အသစ်ဖြည့်သွင်းဆောက်လုပ်ပေးခဲ့ပါကြောင်း။

**မူကြမ်း**

ထပ်တိုးလုပ်ငန်းများအဖြစ် အဆောက်အဦဟောင်းအား ဖျက်သိမ်းရွှေ့ပြောင်းပေးခြင်း၊ ၅ လက်မပတ်လည် တိုင်သစ်သုံးလုံးအား တပ်ဆင်ပေးခြင်း၊ သွပ်ပြားဟောင်းအစား သွပ်ပြားအသစ် 4 Angle ပြောင်းလဲတပ်ဆင်ပေးခြင်း၊ အခန်းနံရံအား အုတ်ဖြင့်ကာရံပေးခြင်း၊ အဆောက်အဦဟောင်းမှ ပျဉ်များကို သုံးပေ အုတ်ခုံအထက် ပြုပြင်တပ်ဆင်ပေးခြင်းလုပ်ငန်းများ ပြုလုပ်ပေးခဲ့ပါကြောင်း၊ ထိုသို့ အပိုဆောင်းဆောင်ရွက်ပေးခဲ့သည့်အတွက် ကုမ္ပဏီမှ ချထားပေးသည့် ရန်ပုံငွေကျပ်သိန်း ၁၅၀ အပြင် ကျပ်သိန်း ၃၀ စိုက်ထုတ်လှူဒါန်းခဲ့သည်ကို စိစစ်တွေ့ရှိရပါကြောင်း သို့ဖြစ်ပါ၍ တင်ပြ ကျောင်းအဆောက်အဦနှင့်ပတ်သက်၍ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်သွားရန် အကြောင်းကြားဆောင်ရွက်ထားရှိပါကြောင်း ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးတဲ့ ပြည်ထောင်စုဝန်ကြီးဌာန ဒုတိယဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်မပြောခင်မှာပဲ ဒုတိယဝန်ကြီးက ပြောလိုက်တဲ့အတွက် ကျွန်တော်ကလည်း အားလည်းအားနာပါတယ်။ တကယ်တမ်းပြောရမယ်ဆိုရင် အရင်တစ်ခါတုန်း ကလည်းပဲ ကျွန်တော်နဲ့ခဏခဏ ကျွန်တော်ထိုင်တိုင်းမှာလည်းပဲ ကိုယ်စားလှယ်ကြီးများကို သက်ဆိုင်ရာကို အမြဲတမ်းအကြံဉာဏ်ပြုပါတယ်။ မေတ္တာရပ်ခံပါတယ်။ နှုတ်ချိုလျှိုတစ်ပါးဖြစ်ပါတယ်။ ကိုယ်လိုချင်တဲ့ အရာအောင်မြင်ဖို့အတွက်ကို ဘယ်လိုပြောရင်ရမလဲဆိုတဲ့ စကားပြောနည်းလေးတွေလည်း အရွယ်ရောက်ပြီးသားဖြစ်တဲ့ ကိုယ်စားလှယ်ကြီးများလည်း သိရှိထားပြီးသားဖြစ်ပါတယ်။ မိကျောင်းမင်းရေခင်းမပြလိုပါဘူး။ ကိုယ့်ရဲ့အားနည်းချက်ကို သူတစ်ပါးက ထောက်ပြတယ်ဆိုရင် ကျွန်တော်တို့လည်း မကောင်းဘူး။ အစကတည်းက ကျွန်တော်ပြောပါတယ်။ သားသမီးနှင့် မိဘတောင်မှ မိဘကတာဝန်ရှိတာပဲဆိုပြီး တောင်းတိုင်းမဖြစ်ပါဘူး။ ဒီနေရာမှာ အလှူခံပုဂ္ဂိုလ်လိုပဲ ကိုယ်က အလှူခံတာဖြစ်တဲ့အတွက် လှူတဲ့လူ ကိုယ့်ကို သဒ္ဒါယိုဖိတ်ပြီး လှူချင်လာအောင် ကိုယ်ကပြောတတ်ဖို့လိုပါတယ်။ ခုနက ပြောတဲ့နေရာတွေမှာလည်းပဲ ပြောရလို့ရှိရင်တော့ ကျွန်တော်တို့ နမူနာလေးတွေပေးရရင်လည်း ကျွန်တော်တို့ဆိုကြပါစို့ ထမင်းဆိုင်တစ်ဆိုင်မှာပဲဖြစ်ဖြစ် တစ်ခုခုသွားဝယ်စားတဲ့ အခါမှာ အပြစ်ပြောပြီးတော့ ပြင်ခိုင်းမလား။ ဒါမှမဟုတ်ရင် ဒီနေရာလေးမှာ အချိုလေးများကဲလိုက်ရင် ဒီနေရာလေးမှာများ အချဉ်လေးများ ကဲလိုက်ရင် ပိုစားကောင်းမလား။ ဒါလေးလုပ်ပေးပါလို့ ပြောရရင် လုပ်ပေးရတဲ့သူက စေတနာလေးဖြစ်လာမယ်။ မင်းဟာကြီးက ကောင်းလည်းမကောင်းဘူး။ စားလို့လည်းမကောင်းဘူး။ ဒါဒီလိုလုပ်မှပေါ့ဆိုပြီးတော့ အပြစ်ပြောပြီးလုပ်ရင် ကြိုက်ရင်စား

မကြိုက်ရင်မစားနဲ့လို့ ပြောမှာပဲ။ ဒါနံပါတ်(၁)အဓိကပါ။ လူတစ်ယောက်ရဲ့အရည်အချင်းဟာ မိမိရဲ့ နှုတ်ထွက်စကားပေါ်မှာမူတည်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ကို လူကြီးမိဘတွေက ဆိုဆုံးမခဲ့တာပါ။ လူလိမ္မာသားယဉ်ပါး အဲဒီတော့ မိမိပြောတဲ့ စကားသည် မိမိရဲ့ အရည်အသွေးနဲ့ ကိုက်ညီတဲ့ စကားလုံးမျိုးကိုလည်း ပြောဖို့လိုပါလိမ့်မယ်။ အဲဒီတော့ ပြောရရင်တော့ သားသမီးမကောင်းရင်လည်း မိဘခေါင်းဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့လည်း အဲဒီလိုမျိုး အပြောမခံရဖို့အတွက်ကို အမြဲတမ်းသတိထားဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့မြို့နယ်အတွက် လိုအပ်တဲ့ ကိစ္စရပ်တွေကို သက်ဆိုင်ရာက ပြုလုပ်ပေးတဲ့ နေရာမှာ လုပ်ပေးချင်လာအောင် ကျွန်တော်တို့က ပြောပေးရင် အားနာပါးနာနဲ့တောင် လုပ်ပေးအုံးမယ်။ အပြစ်ပြောပြီးမှ လုပ်ပေးဖို့ ပြောလို့ရှိရင်တော့ ဥပဒေအရ ဒါပဲလို့ပြောရင် ဘာမှမတတ်နိုင်ဘူး။ ဒါပါ။ ဒါကြောင့်မို့လို့ မိမိတို့ရဲ့အမှားများကို မိမိတို့သိဖို့လိုပါတယ်။ ဥက္ကဋ္ဌကြီးထိုင်တာမဟုတ်ဘဲနဲ့ ကျွန်တော့်ကို ပေးထိုင်ထားတာဖြစ်တဲ့အတွက် ကျွန်တော့်မှာလည်း တာဝန်ကရှိနေပါတယ်။ မတော်လို့ ဥက္ကဋ္ဌကြီးကနေပြီးတော့များ ပြောရမယ်ဆိုရင်လည်း မကောင်းဘူးဖြစ်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ကိုယ်စားလှယ်ကြီးများကို အစကတည်းက အသီးသီးမေတ္တာရပ်ခံပြီးတော့ ပြောခဲ့တာပါ။ တစ်ခုတော့ ရှိပါတယ်။ တစ်ခါတစ်ခါကျရင်ပြောလို့ရှိရင် အပြောခံရတာရှိပါတယ်။ အမိန့်ပေးနေတာလားလို့ ဆူတာလားလို့ ပြောခံရပါတယ်။ အမိန့်ပေးတာလည်း မဟုတ်ပါဘူး။ ဆူတာလည်းမဟုတ်ပါဘူး။ ဒါတွေဟာ မေတ္တာရပ်ခံနေတာပါ။ မိမိတို့ရဲ့အရည်အသွေးတိုးတက်လာအောင် ဆောင်ရွက်ဖို့က မိမိတို့ရဲ့တာဝန်ဖြစ်ပါတယ်။ ဒါလေးတွေ အကုန်လုံး ကိုယ်စားလှယ်ကြီးများ သတိထားဖို့လိုပါလိမ့်မယ်။ အကယ်၍များ လိုအပ်လာပြီဆိုရင်လည်း သက်ဆိုင်ရာတာဝန်ရှိသူအနေနဲ့ဆိုရင်တော့ ကျွန်တော်ကပဲ တောင်းပန်ရမှာပါ။ ပြည်ထောင်စုဝန်ကြီးဌာန ကျွန်တော် မေတ္တာရပ်ခံတောင်းပန်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

**မူကြမ်း**

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ပေးပို့သော မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပေးပို့လာတဲ့ မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဥပဒေကြမ်းကို ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၇)ရက်မြောက်နေ့ ၃-၆-၂၀၁၅ ရက်နေ့မှာ လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းကိုလည်း ပြုလုပ်ခဲ့ပြီးလည်းဖြစ်ပါတယ်။ ဤဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိတို့ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၅-၆-၂၀၁၅ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန်ကိုလည်း တောင်းခံခဲ့ပြီး ဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်များဖြင့် အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဥပဒေကြမ်းကို ပြင်ဆင်ချက်ဖြင့် သဘောတူကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၆၁)ရက်မြောက်နေ့ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၀)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၁)ရက်မြောက်နေ့ ကျင်းပမယ့် ရက်ကို ထပ်မံကြေညာမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေး ပြီးမြောက်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၂၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၀)ရက်မြောက်နေ့ကို ၁၁း၂၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**